# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၈၆)


၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက် | ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၈ ရက်၊ သောကြာနေ့ | အတွဲ (၆၄)၊ အမှတ် (၀၆၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာနိုင်ငံ "စီးပွားရေးပညာနှစ် (၁၀၀)" ရာပြည့်အထိမ်းအမှတ် အခမ်းအနားကျင်းပ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်

**နေပြည်တော် နိုဝင်ဘာ ၂၈**

မြန်မာနိုင်ငံ "စီးပွားရေးပညာနှစ်(၁၀၀)" ရာပြည့် အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန -၂၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး အမှာစကား ပြောကြားသည်။

### တက်ရောက်

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ စီးပွားရေးပညာဘွဲ့ရသူများ၊ မြန်မာနိုင်ငံ စီးပွားရေးပညာနှစ်(၁၀၀) ရာပြည့် အထိမ်းအမှတ် အခမ်းအနားကျင်းပရေး ဦးဆောင်ကော်မတီနှင့် ဆပ်ကော်မတီဝင်များ၊ စီးပွားရေးနှင့် သက်ဆိုင်သော ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ စီးပွားရေးပညာရပ်ဆိုင်ရာ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ချုပ်(UMFCCI) နှင့်ညီနောင်အသင်းများ၊ စီးပွားရေးတက္ကသိုလ်နှင့် စီးပွားရေးဆိုင်ရာ တက္ကသိုလ်များမှ ဆရာကြီး ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားဟောင်းများ၊ စာတမ်းရှင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❖




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံ "စီးပွားရေးပညာနှစ်(၁၀၀)" ရာပြည့်အထိမ်းအမှတ်ပြခန်းကို စိတ်ဝင်တစားကြည့်ရှုလေ့လာစဉ်။


**ယနေ့** *ဖတ် စ ရာ*

**ယဉ်ကျေးမှုအဆင့်အတန်းနှင့် အမျိုးသားရေးစိတ်ဓာတ်ကို ကလောင်စွမ်းအားဖြင့် မြှင့်တင်** ဆောင်းပါး စာ ၆

**ရေချင်းဆက် မြေချင်းဆက် ဆက်နေသော ဥယျာဉ်နှစ်ခု** ဆောင်းပါး စာ ၁၀

**ဒေါ်နယ်ထရမ့်၏အစိုးရအဖွဲ့နှင့် အုပ်ချုပ်ရေးပိုင်း ရွေးချယ်ခံရသူများကို ပစ်မှတ်ထားတိုက်ခိုက်မည်ဟု ခြိမ်းခြောက်မှုများ ထွက်ပေါ်** နိုင်ငံတကာသတင်း စာ ၁၃

မြန်မာ့အလင်း

# စီးပွားရေးပညာ နှစ် ၁၀၀ ပြည်သူ့အကျိုး တို့သယ်ပိုး

လူဟူ၍ဖြစ်လာသည်နှင့် လိုအပ်သည့်အရာများရှိလာသလို၊ လိုချင်သည့်အရာများလည်းရှိလာသည်။ လူတစ်ဦးအတွက်ဖြစ်စေ၊ လူ့အဖွဲ့အစည်းတစ်ခုအတွက်ဖြစ်စေ လိုအပ်သည့်အရာများနှင့် လိုချင်သည့်အရာများကို ဖြည့်ဆည်းနိုင်ရန်အတွက် မြေယာ၊ လူ့လုပ်အား၊ ငွေကြေးအရင်းအနှီး စသည့်အရင်းအမြစ်များကို အသုံးပြုကာ ကုန်စည်နှင့် ဝန်ဆောင်မှုများကို ထုတ်လုပ်ကြရသည်။ အကန့်အသတ်နှင့်သာရှိနေသည့် အရင်းအမြစ်များကို မည်သို့အသုံးပြု၍ မည်သည့်ကုန်စည်များကို မည်မျှထုတ်လုပ်မည်နည်း။ မည်သည့်ဈေးကွက်အတွက် မည်သည့်ပုံစံဖြင့် ထုတ်လုပ်မည်နည်း။ မည်သို့စီမံခန့်ခွဲမည်နည်း စသည်တို့ကို လေ့လာသည့်ပညာသည် စီးပွားရေးပညာဖြစ်သည်။

ရှေးကမြန်မာ့စီးပွားရေးသည် မြေရှင်ပဒေသရာဇ် စီးပွားရေးဖြစ်ပြီး နယ်ချဲ့လက်အောက်ကျရောက်ခဲ့ရချိန်တွင် လက်ဝါးကြီးအုပ် အရင်းရှင်စနစ်သို့ ပြောင်းလဲခဲ့သည်။ ကိုလိုနီနိုင်ငံဘဝ ၁၉၂၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၊ ဘောဂဗေဒဌာနကို စတင်ဖွင့်လှစ်သင်ကြားခြင်းဖြင့် မြန်မာနိုင်ငံသို့ စီးပွားရေးပညာစတင်အခြေချလာခဲ့ခြင်းဖြစ်ရာ ယခုနှစ်တွင် နှစ်ပေါင်း ၁၀၀ ပြည့်ခဲ့ပြီဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတွင် မည်သည့်စနစ်ကို ကျင့်သုံးသည်ဖြစ်စေ စီးပွားရေးအခြေခံပေါ်တွင် ကျန်အပေါ်ထပ်အဆောက်အအုံများကို တည်ဆောက်ကြရခြင်းဖြစ်ရာ ခေတ်အဆက်ဆက် နိုင်ငံရေးအပြောင်းအလဲ၊ မူဝါဒအပြောင်းအလဲများတွင် စီးပွားရေးပညာဖြင့် နိုင်ငံကို တည်ဆောက်ခဲ့ကြရခြင်းဖြစ်သည်။ ကိုလိုနီခေတ်မှသည် မျက်မှောက်ကာလ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်အထိ ခေတ်အဆက်ဆက်တွင် စီးပွားရေးပညာအနေဖြင့် မူဝါဒဆိုင်ရာ ပံ့ပိုးဆောင်ရွက်ပေးခြင်း၊ အကြံပြုခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး နိုင်ငံတည်ဆောက်ရေးတွင် အဓိကကျသည့် စီးပွားရေးကဏ္ဍကို ကောင်းစွာအကျိုးပြုခဲ့သည်။

နိုဝင်ဘာ ၂၈ ရက်တွင် ကျင်းပသည့် မြန်မာနိုင်ငံ "စီးပွားရေးပညာ နှစ် (၁၀၀)" ရာပြည့် အထိမ်းအမှတ်အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် " ဖွံ့ဖြိုးဆဲတိုင်းပြည်တစ်ခုသည် ဈေးကွက်ဝင်သည့် ကုန်ထုတ်လုပ်မှု မြင့်မားရန် အလွန်အရေးကြီးကြောင်း၊ အကြောင်းအမျိုးမျိုးပြပြီး ကန့်သတ်မှုမျိုးစုံကြုံတွေ့နေရသည့် မိမိတို့နိုင်ငံသည် လက်ရှိပြည်ပပို့ကုန်ကို နှစ်ဆ တိုးမြှင့်ပို့နိုင်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူရမည်ဖြစ်ကြောင်း၊ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများဖြစ်ပြီး နိုင်ငံလူဦးရေ၏ ၄၁ ရာခိုင်နှုန်းသည် လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများတွင် လုပ်ကိုင်နေသူများဖြစ်သည်ဟု သန်းခေါင်စာရင်းအစီရင်ခံစာတွင် တွေ့ရှိရကြောင်း၊ အဓိကကုန်ထုတ်လုပ်ငန်းသည် လယ်ယာထုတ်ကုန်နှင့် မွေးမြူရေးထုတ်ကုန်များသာဖြစ်ပြီး ပြည်နယ်၊ တိုင်းဒေသကြီးအားလုံး အခြေခံအားဖြင့် တူညီကြကြောင်း၊ အသက် ၂၅ နှစ်အထိ လူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့်သည် ပညာရေးအသင့်အတင့်သာရှိသောကြောင့် မိမိတို့အနေဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို အလေးထားဆောင်ရွက်သင့်သည်ဆိုသည်မှာ ပေါ်လွင်နေကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။ သို့ဖြစ်ရာ မိမိတို့နိုင်ငံတွင်ရှိနေသည့် အရင်းအမြစ်များအရ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို နိုင်ငံ၏အခြေခံစီးပွားရေးအဖြစ် အလေးထားဆောင်ရွက်ရမည်မှာ ပကတိအရှိတရားပင်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်မှုအတွက် ရည်မှန်းချက်ထားမည်ဆိုပါက လက်ရှိထုတ်လုပ်တင်ပို့မှု၏ နှစ်ဆတင်ပို့နိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်သည်။ ယင်းတို့ထုတ်လုပ်တင်ပို့နိုင်ရန်အတွက် ကဏ္ဍအသီးသီးတွင် ရှိနေကြသူအားလုံးက မိမိတို့ကျရာတာဝန်အလိုက် နှစ်ဆထက်မနည်း ကြိုးပမ်းအလုပ်လုပ်ကြရန်လိုသည်။

မိမိတို့နိုင်ငံတွင် လယ်ယာကဏ္ဍထုတ်လုပ်မှုများမှာ ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက လူတစ်ဦးချင်းအရရော၊ မြေယာတစ်ယူနစ်ချင်းအရပါ အနိမ့်ကျဆုံးဖြစ်နေသည်ကို ဆန်းစစ်၊ အဖြေရှာလေ့လာ၍ အားနည်းချက်များကိုပြုပြင်ပြီး အများနည်းတူရင်ပေါင်တန်းနိုင်ရန်လည်း ကြိုးစားကြရမည်ဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားရေးကို မြှင့်တင်ရာတွင် စီးပွားရေးပညာရပ်ဖြင့် တစ်တပ်တစ်အား ဆောင်ရွက်ပေးကြပါရန် "စီးပွားရေးပညာ နှစ် (၁၀၀)" ရာပြည့်အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုရေးသားအပ်ပါကြောင်း။ ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် သတင်းထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ ပါတီဆက်လက်တည်ထောင် မှတ်ပုံတင်ပေးပါရန် **ပြည်သူ့အကျိုးပြုကျောင်းသားများပါတီ** ၏ လျှောက်ထားချက်အပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ စိစစ်ပြန်ကြားချက်များအရ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိကြောင်းတွေ့ရှိရပါသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စုံညီအစည်းအဝေး အမှတ်စဉ် (၃၄/၂၀၂၄) ဆုံးဖြတ်ချက်အရ ယင်းပါတီ၏ ပါတီမှတ်ပုံတင်ခွင့်လျှောက်ထားချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများပါ ပုံစံ(ဆ)ဖြင့် ငြင်းပယ်လိုက်ကြောင်း ထုတ်ပြန်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မိုးအနည်းငယ် ရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၂၈**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာလှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့်ရှိနိုင်ပါသည်။ **မိုး/ဇလ**

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ (၁၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ၂၀-၁၁-၂၀၂၄ ရက်နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ၂၆-၈-၂၀၂၄ ရက်နေ့မှ ၂၈-၁၀-၂၀၂၄ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းလျှောက်ထားသူတစ်ဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ်တစ်ဦးနှင့် အထွေထွေ ၁၅ ဦး ပေါင်း ၁၆ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်းလျှောက်ထားသူတစ်ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၉၉ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၄၇၁ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၁၀ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၅၈၀ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၃၀-၁၁-၂၀၂၄ ရက် (စနေနေ့) တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၆)၊ အမှတ် (၄၈) တွင် ပန်းတောထဲတွင် မင်းသားလေးနှင့် အတူ ပန်းဘုရင်မအဖြစ် ပျော်ရွှင်စွာနေထိုင်သွားသော မိန်းကလေးတစ်ဦးအကြောင်း သရုပ်ဖော်ထားသည့် "ပန်းကေရီ" မျက်နှာဖုံးကာတွန်း၊ ရှေးခေတ်အီဂျစ်နွယ်ဖွားလူမျိုးတစ်စု၏ နေအိမ်ပုံစံအကြောင်း ဗဟုသုတဖြစ်ဖွယ်ရေးသားထားသည့် "ရှေးခေတ်ဘမိလိခဲလူမျိုးတို့ရဲ့ နေအိမ်ပုံစံ" သုတဆောင်းပါးကဏ္ဍ၊ ကလေးတို့ကိုယ်တိုင် ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊မုန့်တစ်ခုပိုရသောညီလေးအကြောင်း ဟာသဖြစ်ဖွယ် ရေးဖွဲ့ထားသည့် "ကီးကီး၊ ဂျိုးဂျိုးနဲ့ ငါးကြင်းဆီနဲ့ ငါးကြင်းကြော်" နှစ်မျက်နှာကာတွန်း၊ ဖေဖေနှင့် မေမေတို့၏ အသိပေးလမ်းပြမှုကြောင့် ပညာရည်ချွန်ဒိုင်းဆုလေးကို တန်ဖိုးထားမြတ်နိုးရန်အသိတရားရသွားသော စတုတ္ထတန်းကျောင်းသား တစ်ယောက်အကြောင်း ဖတ်ရှုရမည့် "တန်ဖိုး" ဝတ္ထုကဏ္ဍ၊ မြန်မာစာအရေးအသားတွင် ပဲနှင့်ဘဲ စာလုံးပေါင်းတို့၏ အသုံးအကြောင်း တင်ဆက်ထားသည့် "ပန်ပန်-ပဲနှင့် ဘဲ" တစ်မျက်နှာကာတွန်း၊ မူကြိုကျောင်းသား ကျောင်းသူလေးများသည် ညီညာသော အကအလှများဖြင့် ကဗျာတေးသီချင်းကို ပျော်ရွှင်စွာ သံပြိုင်ရွတ်ဆိုကြပုံ အကြောင်း ရေးဖွဲ့ထားသည့် ဆရာမောင်ခင်မြတ် (ရေနံ့သာ) ၏ "မူကြိုကျောင်းသား" ကဗျာကဏ္ဍအပါအဝင် အင်္ဂလိပ်စာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ




တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | စိုးစိုးနိုင် | **သတင်းထောက်မှူး** | - | ခင်ရတနာ |
| **စာတည်းမှူး** | - | မြင့်စိုး | **အကြီးတန်း** | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| **စာတည်းများ** | - | ဝင်းကျော်၊ နေဇာဇာထွန်း | **သတင်းထောက်များ** | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **ဘာသာပြန်စာတည်း** | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | **အငယ်တန်း** | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| **သုတေသန** | - | အိအိခင်နှင့် အဖွဲ့ | **သတင်းထောက်များ** | | |
| **စာပြင်** | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ | **ဓာတ်ပုံသတင်းထောက်** | - | တင်စိုး |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | သန်းထွန်းအောင်နှင့် အဖွဲ့ | **အီးမေးနှင့် အွန်လိုင်း** | - | သက်လွင်ဦးနှင့် အဖွဲ့ |

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)

**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE www.mdn.gov.mm



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံ “စီးပွားရေးပညာနှစ်(၁၀၀)” ရာပြည့် အထိမ်းအမှတ်အခမ်းအနားတွင် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။

❖ *ရှေ့ဖုံးမှ*

ဦးစွာ အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာနိုင်ငံ “စီးပွားရေးပညာနှစ်(၁၀၀)” ရာပြည့်အထိမ်းအမှတ် အခမ်းအနား Video Clip ကိုကြည့်ရှုကြသည်။

**ဂုဏ်ယူဖွယ်နေ့တစ်နေ့**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယနေ့သည် ခေတ်ကာလအဆက်ဆက် နိုင်ငံ့စီးပွားရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ရာတိုးတက်ကြောင်းအတွက် စီးပွားရေးပညာကို စတင်သင်ယူခွင့်ရရှိခဲ့ပြီး နိုင်ငံအတွက် အထောက်အကူပြုနိုင်ခဲ့သည်မှာ နှစ်ပေါင်း ၁၀၀ ပြည့်ခဲ့ပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် စီးပွားရေးပညာနှင့်ပတ်သက်ပြီး ထူးခြားသည့် နှစ်တစ်နှစ်ဟု ပြောရမည်ဖြစ်ကြောင်း၊ မြန်မာ့ပညာရေးသမိုင်းတွင် စီးပွားရေးပညာရပ်အနေဖြင့် စတင်ပါဝင်လာခဲ့သည်မှာ ၁၉၂၄ ခုနှစ်၌ ရန်ကုန်တက္ကသိုလ် ဘောဂဗေဒဌာန စတင်ဖွင့်လှစ်သင်ကြားခဲ့ချိန်ကဖြစ်ကြောင်း၊ ထို့ကြောင့် **“စီးပွားရေးပညာနှစ် ၁၀၀ သက်တမ်း”** ကာလအတွင်း ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဆရာကြီး ဆရာမကြီးများ၊ စီးပွားရေးပညာဘွဲ့ရများ၊ လက်ရှိစီးပွားရေးပညာ သင်ယူနေဆဲ ကျောင်းသား ကျောင်းသူများ၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအသီးသီး၌ စီးပွားရေးပညာဖြင့် နိုင်ငံ့အကျိုးသယ်ပိုးနေကြသူများ အားလုံး၏ ဂုဏ်ယူဖွယ်နေ့တစ်နေ့ဖြစ်ပြီး နိုင်ငံတော်အနေဖြင့်လည်း များစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

စီးပွားရေးပညာ နှစ် ၁၀၀ ခရီးကို ပြန်ကြည့်မည်ဆိုပါက ကိုလိုနီခေတ်ကစတင်ပြီး ယခုနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်အထိ ခေတ်အဆက်ဆက်တွင် စီးပွားရေးပညာအနေဖြင့် မူဝါဒဆိုင်ရာ ပံ့ပိုးဆောင်ရွက်ပေးခြင်း၊ အကြံပြုခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေးတွင် အဓိကကျသည့် စီးပွားရေးကဏ္ဍကို ကောင်းစွာအကျိုးပြုခဲ့သည့် ဘာသာရပ်ကြီးလည်းဖြစ်ကြောင်း။

**ဂုဏ်ယူဖွယ်ရာ သမိုင်းမှတ်တိုင်တစ်ရပ်ဖြစ်**

မြန်မာနိုင်ငံတွင် စီးပွားရေးပညာရပ် သင်ကြားမှုနှင့်ပတ်သက်ပြီး ရန်ကုန်တက္ကသိုလ် လူမှုသိပ္ပံမဟာဌာနအောက်၌ ဘောဂဗေဒဌာန(စီးပွားရေးပညာဌာန)ကို ၁၉၂၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဘောဂဗေဒဘွဲ့အတွက် သင်ကြားခဲ့ကြောင်း၊ ယခုနှစ်တွင် **“စီးပွားပညာနှစ် ၁၀၀”** နှင့် **“ရန်ကုန်စီးပွားရေးတက္ကသိုလ်**

- **စီးပွားရေးပညာ နှစ် ၁၀၀ ခရီးကို ပြန်ကြည့်မည်ဆိုပါက ကိုလိုနီခေတ်ကစတင်ပြီး ယခုနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်အထိ ခေတ်အဆက်ဆက်တွင် စီးပွားရေးပညာအနေဖြင့် မူဝါဒဆိုင်ရာ ပံ့ပိုးဆောင်ရွက်ပေးခြင်း၊ အကြံပြုခြင်းတို့ကို ဆောင်ရွက်ပေးခဲ့၊ နိုင်ငံတော်တည်ဆောက်ရေးတွင် အဓိကကျသည့် စီးပွားရေးကဏ္ဍကို ကောင်းစွာအကျိုးပြုခဲ့သည့် ဘာသာရပ်ကြီးလည်းဖြစ်**
- **ဖွံ့ဖြိုးဆဲတိုင်းပြည်တစ်ခုသည် ဈေးကွက်ဝင်သည့် ကုန်ထုတ်လုပ်မှုမြင့်မားရန် အလွန်အရေးကြီး၊ အကြောင်းအမျိုးမျိုးပြပြီး ကန့်သတ်မှုမျိုးစုံ ကြုံတွေ့နေရသည့် မိမိတို့နိုင်ငံသည် လက်ရှိပြည်ပ ပို့ကုန်ကို ၂ ဆ တိုးမြှင့်ပို့နိုင်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူရမည်**

**အဖြစ် ထူထောင်သည့် နှစ်(၆၀) ပြည့်သည့်နှစ်”** တိုက်ဆိုင်နေခြင်းသည်လည်း **“ဂုဏ်ယူဖွယ်ရာသမိုင်း မှတ်တိုင်တစ်ရပ်”** ဖြစ်ကြောင်း။

**နည်းလမ်းသစ်နှင့် လေ့လာသုံးသပ်**

ယနေ့ကာလ ကမ္ဘာ့စီးပွားရေးကိုကြည့်မည်ဆိုပါက ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေးအားပြိုင်မှုများ၊ ရောဂါကပ်ဘေးသက်ရောက်မှု၊ သဘာဝပတ်ဝန်းကျင် ဘေးအန္တရာယ်ထိခိုက်မှု၊ ကုန်သွယ်ရေးနှင့် ငွေကြေးဆိုင်ရာပြဿနာ၊ နည်းပညာပြိုင်ဆိုင်မှုများ၊ စွမ်းအင်လုံခြုံရေး အခက်အခဲ စသည်တို့ကြောင့် ပထဝီစီးပွားရေးအနေဖြင့် ကိုယ်ကျိုးစီးပွားကာကွယ်ရေး မူဝါဒကျင့်သုံးမှုများ ပိုမိုတိုးပွားလာသည်ကိုလည်း တွေ့ရကြောင်း၊ နိုင်ငံရေးနှင့် စီးပွားရေး ရောစပ်ပေါင်းယှက်ဖြစ်ပေါ်လာသည့် စီးပွားရေးအကျပ်အတည်းပြဿနာအသစ်များကို မေခရိုစီးပွားရေးပညာရပ်နှင့် နိုင်ငံရေးဘောဂဗေဒရှုထောင့်တို့ပေါင်းစပ်ပြီး နည်းလမ်းသစ်နှင့် လေ့လာသုံးသပ်ဆောင်ရွက်ကြရန် လိုအပ်လာသည်ကို တွေ့ရှိရကြောင်း။

ကမ္ဘာ့ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေးတို့၏ အားပြိုင်မှုများကို မိမိတို့နိုင်ငံအနေဖြင့်လည်း အနည်းနှင့်အများ သက်ရောက်ခံစားကြရကြောင်း၊ မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ နိုင်ငံတော်တာဝန်ကို စတင်ယူကတည်းက စီးပွားရေးနှင့်ပတ်သက်ပြီး အဖျက်အမှောင့်၊ ပိတ်ဆို့ဟန့်တားမှုများစွာနှင့် အကျပ်အတည်းများကို ကျော်လွှားနိုင်ရန် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးအတွက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို မူဝါဒများ၊ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတွင်းရှိ ဒေသအားလုံး ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံတိုင်းရင်းသားအားလုံး၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတို့သာမက အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများ တန်းတူညီမျှရှိစေရေး၊ ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်ရေးတို့အတွက် အလေးထားအကောင်အထည်ဖော်ပေးနေကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် စီးပွားရေးပညာကို စွမ်းဆောင်ရည်ပြည့်ပြည့်ဝဝဖြင့် လက်တွေ့အသုံးချတတ်မှုသည်လည်း နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း။

**ထည့်သွင်းစဉ်းစားရသည့်**
**စီးပွားရေးကိန်းရှင် များစွာရှိနေ**

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) အခန်း (၁)၊ ပုဒ်မ ၃၅ တွင် **“နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်”** ဟု ပြဋ္ဌာန်းထားကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့်အလျောက် ဈေးကွက်အားနည်းချက် (Market Failure) များစွာရှိသည့်အတွက် အစိုးရကပါဝင်လုပ်ဆောင်နေရသည့် အခန်းကဏ္ဍများစွာရှိနေကြောင်း၊ စီးပွားရေးပိတ်ဆို့မှုများ ရှိနေသေးသည့်အတွက်လည်း ထည့်သွင်းစဉ်းစားရသည့် စီးပွားရေးကိန်းရှင်များစွာရှိနေကြောင်း၊ နိုင်ငံ့ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဈေးကွက်နှင့် ပုဂ္ဂလိကအခန်းကဏ္ဍသည် ပိုမိုများပြားအရေးပါလာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို အမျိုးသားရေးလုပ်ငန်းစဉ် (၂)ရပ်ချမှတ်ပြီး နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေကြောင်း၊ ဦးတည်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ အစိုးရနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်နေကြသူများ၊ စီးပွားရေးပညာရှင်များ၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် ဦးဆောင်သူများ၊ ရင်းနှီးမြှုပ်နှံသူများအားလုံးက ကျရာအခန်းကဏ္ဍမှ တက်ကြွစွာ၊ ခံနိုင်ရည်ရှိစွာ ပါဝင်အကောင်အထည်ဖော်ပေးကြရန်လည်း တိုက်တွန်းလိုကြောင်း၊ နိုင်ငံ၏အခြေခံအချက်အလက်များပေါ်တွင်မူတည်ပြီး စီးပွားရေးပညာရှင်များအနေဖြင့် နိုင်ငံ့စီးပွားရေးကို မည်သို့မည်ပုံဆောင်ရွက်သင့်သည်၊ မတူညီသည့် ဒေသအခြေအနေများပေါ်မူတည်ပြီး ဒေသအလိုက် စီးပွားရေးကို ရေတို၊ ရေရှည်အတွက် မည်သို့ဆောင်ရွက်သင့်သည်ဆိုသည်ကို ဖော်ထုတ်ကြရန်လိုကြောင်း။

**အဓိကမောင်းနှင်အားသည် စီးပွားရေးပင်ဖြစ်**

ဖွံ့ဖြိုးဆဲတိုင်းပြည်တစ်ခုသည် ဈေးကွက်ဝင်သည့် ကုန်ထုတ်လုပ်မှုမြင့်မားရန် အလွန်အရေးကြီးကြောင်း၊ အကြောင်းအမျိုးမျိုးပြပြီး ကန့်သတ်မှုမျိုးစုံကြုံတွေ့နေရသည့် မိမိတို့နိုင်ငံသည် လက်ရှိပြည်ပပို့ကုန်ကို ၂ ဆ တိုးမြှင့်ပို့နိုင်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူရမည်ဖြစ်ကြောင်း၊ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများဖြစ်ပြီး နိုင်ငံလူဦးရေ၏ ၄၁ ရာခိုင်နှုန်းသည် လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများတွင် လုပ်ကိုင်နေသူများဖြစ်သည်ဟု သန်းခေါင်စာရင်းအစီရင်ခံစာတွင် တွေ့ရှိရကြောင်း၊ အဓိကကုန်ထုတ်လုပ်ငန်းသည် လယ်ယာထုတ်ကုန်နှင့် မွေးမြူရေးထုတ်ကုန်များသာဖြစ်ပြီး ပြည်နယ်၊ တိုင်းဒေသကြီးအားလုံး အခြေခံအားဖြင့် တူညီကြကြောင်း၊ အသက် ၂၅ နှစ်အထက် လူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့်သည် ပညာရေးအသင့်အတင့်သာရှိသောကြောင့် မိမိတို့အနေဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို အလေးထားဆောင်ရွက်သင့်သည်ဆိုသည်မှာ ပေါ်လွင်နေကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ အဓိကမောင်းနှင်အားသည် စီးပွားရေးပင်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ယခုလက်ရှိအခြေအနေထက် တိုးတက်အောင် ဆောင်ကြဉ်းပေးရန်လိုကြောင်း၊ ထို့အပြင် ပြန်လည်ရရှိနိုင်သည့် သဘာဝကုန်ကြမ်းကိုအခြေခံသော ကုန်ထုတ်လုပ်မှုများကို အားပေးကြရမည်၊ ဝါ၊ ဝါး၊ ရော်ဘာကုန်ကြမ်းတို့ကို အခြေခံသည့် စက်မှုလုပ်ငန်းများကို တိုးတက်အောင်ဆောင်ရွက်ရမည်၊

*စာမျက်နှာ ၄ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ "စီးပွားရေးပညာ နှစ်(၁၀၀)" ရာပြည့်အထိမ်းအမှတ် အခမ်းအနားဂုဏ်ပြုဖျော်ဖြေတင်ဆက်နေမှုကို ကြည့်ရှုအားပေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံ "စီးပွားရေးပညာနှစ်(၁၀၀)" ရာပြည့်အထိမ်းအမှတ်ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ဝင်တစားလှည့်လည်ကြည့်ရှုလေ့လာစဉ်။

*စာမျက်နှာ ၃ မှ*

ကိန်းဂဏန်းများအရ တိုးတက်မှုသာမက လက်တွေ့ကျကျတိုးတက်အောင် ဆောင်ရွက်ကြရမည်၊ အဓိကကျသည့် စိုက်ပျိုးရေးကဏ္ဍအနေဖြင့် အထွက်နှုန်းကောင်းမွန်ရေး တစ်နည်းအားဖြင့် ပန်းတိုင်ရည်မှန်းချက်ပြည့်မီကျော်လွန်ရေး၊ သီးထပ်စွမ်းအားမြှင့်တင်ရေး၊ စိုက်ဧကတိုးချဲ့ရေး မူ(၃)ရပ်ကို အခြေခံပြီး ဆောင်ရွက်ပေးနိုင်ကြရန် တိုက်တွန်းလိုကြောင်း။

**ဝန်ဆောင်မှုလုပ်ငန်းများကို ပံ့ပိုးပေးလျက်ရှိ**

မိမိတို့နိုင်ငံ GDP ၏ ၉၀ ရာခိုင်နှုန်းခန့်သည် ပုဂ္ဂလိကကဏ္ဍ၏ ထုတ်လုပ်မှုများဖြစ်သကဲ့သို့ နိုင်ငံ့စီးပွားရေးလုပ်ငန်းများ၏ ၉၅ ရာခိုင်နှုန်းသည်လည်း အသေးစား၊ အငယ်စား၊ အလတ်စားကုန်ထုတ်လုပ်ငန်းများသာဖြစ်ကြကြောင်း၊ ထို့ကြောင့် ပို့ကုန်တိုးမြှင့်ရေးနှင့် သွင်းကုန်အစားထိုးရေးလုပ်ငန်းများအတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးမှုနှင့် Agro–based Industry ကို အဓိကထားပြီး MSME များ ဖွံ့ဖြိုးတိုးတက်မှုတို့ကို တွဲဖက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းများကို ပံ့ပိုးပေးလျက်ရှိကြောင်း။

**ပြည်တွင်းအားဖြင့် ကြိုးပမ်း**

ဒစ်ဂျစ်တယ်ဆိုင်ရာ နားလည်တတ်မြောက်မှု၊ စာရင်းနှင့် ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုမှအစ တီထွင်ဆန်းသစ်မှု၊ ထုတ်ကုန်ဖွံ့ဖြိုးမှု၊ ဈေးကွက်ချဲ့ထွင်မှုနှင့် အမှတ်တံဆိပ်မြှင့်တင်ခြင်း စသည့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး Business Idea များကိုလည်း ဖြန့်ဝေဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ **"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"** ဟူသည့်အတိုင်း မိမိတို့နိုင်ငံ၏ တိုင်းပြည်ဝင်ငွေတိုးတက်ရေးအတွက် မိမိတို့ပြည်တွင်း၌ ထုတ်လုပ်နိုင်စွမ်း(Productivity)တိုးတက်ရေး၊ အရည်အသွေးစံချိန်မီ၊ ဈေးကွက်ရရှိရေး မိမိတို့ပြည်တွင်းအားဖြင့် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားရေးမြင့်မားလာအောင် ရိုးရိုးသားသား ကြိုးစား ဆောင်ရွက်သူများကို Incentive ပေးခြင်း၊ ချီးမြှင့်ခြင်းများ ပြုလုပ်သွားရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် တိုင်းရင်းသားပေါင်းစုံ မှီတင်းနေထိုင်ကြပြီး သဘာဝဘေးအန္တရာယ်ကြောင့်သာမက လူကြောင့်ဖြစ်သည့် ဘေးအန္တရာယ်ပါ ကြုံတွေ့နေရသည့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်ကြောင်း၊ လွတ်လပ်ရေးရရှိပြီးချိန်ကစပြီး ဖွံ့ဖြိုးမှုလုပ်ငန်းများကို စီမံကိန်းများ စနစ်တကျချမှတ်အကောင်အထည်ဖော်ခဲ့ကြောင်း၊ သို့သော်လည်း သဘာဝဘေးနှင့် အခြားအနှောင့်အယှက်အမျိုးမျိုးကြောင့် ပျက်စီးခဲ့သည့်လူမှုစီးပွားရေး အခြေခံအဆောက်အအုံများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများပါ လုပ်ဆောင်နေရသောကြောင့် ရင်းနှီးမြှုပ်နှံမှုများနှင့် လုပ်သားများ၏ ကြိုးပမ်းမှုများသည် ခရီးရောက်သင့်သလောက်မရောက်ခဲ့သည်ကိုလည်း တွေ့ရကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံ "စီးပွားရေးပညာနှစ်(၁၀၀)" ရာပြည့်အထိမ်းအမှတ်ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ဝင်တစားလှည့်လည်ကြည့်ရှုလေ့လာစဉ်။

**ခံနိုင်ရည်ရှိအောင် ကြိုတင်ကာကွယ်**

လက်ရှိကာလတွင်လည်း ပြန်လည်တည်ဆောက်ရေး၊ ထူထောင်ရေးနှင့် နေရာချထားရေးလုပ်ငန်းများဖြစ်သည့် Reconstruction၊ Relief၊ Rehabilitation၊ Resilience စသည်တို့ကို လုပ်ဆောင်နေရသည်မှာ အားလုံးအသိဖြစ်ကြောင်း၊ အနာဂတ်သဘာဝဘေးအန္တရာယ်များကို ခံနိုင်ရည်ရှိအောင် ကြိုတင်ကာကွယ်ရေးများကိုလည်း ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတည်ဆောက်ရေး (Nation Building) အတွက် အဓိကငွေကြေးလိုအပ်ချက်များကိုလည်း ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုများက ဖြည့်ဆည်းပေးခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ရာဂီမုန်တိုင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်လည်း အင်တိုက်အားတိုက် ပါဝင်လှူဒါန်းခဲ့ကြသောကြောင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၏စေတနာကို ထင်ရှားစွာ မြင်တွေ့ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ရသည့်

*စာမျက်နှာ ၅ သို့*

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၄ မှ*

လူ့အဖွဲ့အစည်း (Caring and Sharing Society) ဆိုသည်ကို သက်သေပြရာ ရောက်ခဲ့ကြောင်း။

**နည်းလမ်းအမျိုးမျိုးကို ရှာဖွေချဉ်းကပ်ကြိုးပမ်း**

အနာဂတ်တွင်တွေ့ကြုံရမည့် စီးပွားရေးနှင့် ပတ်သက်သည့် အခက်အခဲများကို ကမ္ဘာ့နိုင်ငံများအနေဖြင့် လေ့လာသုတေသနပြုပြီး သုံးသပ်တွက်ချက် ပြင်ဆင်လာကြသည်ကို တွေ့ရကြောင်း၊ ထိုကဲ့သို့ပြင်ဆင်ကြရာတွင် သက်ဆိုင်ရာနိုင်ငံများ၏ ပြည်တွင်းစီးပွားရေးအခြေအနေ၊ လူ့အရင်းအမြစ်၊ သယံဇာတအရင်းအမြစ်နှင့် ငွေကြေးဓနအင်အား အခြေအနေအလိုက် ဆီလျော်သည့် နည်းလမ်းအမျိုးမျိုးကို ရှာဖွေချဉ်းကပ်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံအသီးသီးက စီးပွားရေးစိန်ခေါ်မှုများ သက်သာလျော့ပါးစေရေး ချဉ်းကပ်ကြိုးပမ်းဆောင်ရွက်ကြရာတွင် နိုင်ငံများအလိုက် ချဉ်းကပ်ပုံများ ကွဲပြားခြားနားကြကြောင်း၊ အထူးသဖြင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပင်ဖြစ်စေ၊ ပုဂ္ဂလိကကဏ္ဍ၌ပင်ဖြစ်စေအကျပ်အတည်းပြဿနာ ဖြေရှင်းနိုင်သည့် စွမ်းဆောင်ရည်အပေါ်မူတည်ပြီး ရလဒ်ကွာခြားနိုင်သည်ကို လေ့လာတွေ့ရှိနိုင်ကြောင်း။

စွမ်းဆောင်ရည် အခြေခံလိုအပ်ချက်များကို ပြင်ဆင်တည်ဆောက်နိုင်မှသာ နိုင်ငံအတွက် မျက်မှောက်ကာလသာမက အနာဂတ်ကာလတွင်ပါ ဖြစ်ပေါ်လာနိုင်သည့် ဖွံ့ဖြိုးမှုအလားအလာတို့ကို ချဉ်းကပ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံအနာဂတ်အတွက် **“မေခရိုစီးပွားရေး မူဝါဒများ”** နှင့် **“အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ”** ရေးဆွဲအကောင်အထည်ဖော်နိုင်ရေး တိုက်တွန်းပြောကြားလိုကြောင်း၊ ယင်းလုပ်ငန်းစဉ်တွင် စီးပွားရေးပညာ၏ ဉာဏစွမ်းအားများပါဝင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ပထဝီနိုင်ငံရေးနှင့် ပထဝီစီးပွားရေးစိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် နိုင်ငံရေးဘောဂဗေဒ (Political Economy)အမြင်နှင့် လေ့လာသုတေသနပြုပြီး နိုင်ငံ၏အနာဂတ်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ဝိုင်းဝန်းကြိုးပမ်းကြပါဟု တိုက်တွန်းလိုကြောင်း။

**❊ နယ်ပယ်စုံကဏ္ဍစုံတွင် လက်တွေ့အသုံးချနိုင်သည့် စီးပွားရေးပညာရပ်ကို “စီးပွားရေးပညာ နှစ် ၁၀၀၊ ပြည်သူ့အကျိုးတို့သယ်ပိုး” ဟူသည့် ဆောင်ပုဒ်နှင့်အညီ မိမိအကျိုးစီးပွား၊ မိသားစုအကျိုးစီးပွား၊ လုပ်ငန်းအကျိုးစီးပွားများမှသည် နိုင်ငံနှင့်ပြည်သူများ၏ အကျိုးစီးပွားများကိုပါ မြှင့်တင်ပေးနိုင်မည့် အတ္တ-ပရ မျှတသည့် အနာဂတ်မျိုးဆက်သစ်များ၏ စီးပွားရေးဝန်းကျင်တစ်ရပ်ဖြစ်ပေါ်လာစေရေး၊ စီးပွားရေးပညာကို လက်တွေ့ကျင့်သုံးနိုင်သူများဖြစ်အောင် ကျွမ်းကျင်သူများကို မွေးထုတ်ပေးပြီး နှောင်နှစ်ပေါင်းများစွာတိုင် အဓွန့်ရှည်တည်တံ့စေရေးအတွက် စဉ်ဆက်မပြတ်ကြိုးပမ်း**

**လူသားအရင်းအမြစ်များ မွေးထုတ်**

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် လူသားအရင်းအမြစ်များစွာ လိုအပ်ပြီး အခြေခံမှစ၍ ဦးဆောင်မှုအဆင့်အထိ လုပ်တတ်၊ ကိုင်တတ်၊ မြင်တတ်ကြရန် လိုကြောင်း၊ ခေတ်အဆက်ဆက်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးပညာရှင်များဖြစ်ကြသည့် ဆရာကြီး ဒေါက်တာ လှမြင့်၊ ဒေါက်တာအေးလှိုင်၊ ဒေါက်တာ မောင်ရှိန်၊ ဒေါက်တာ သန်းညွန့်တို့၏ ဦးဆောင်မှုနှင့် ယခုနှစ် ၁၀၀ ကာလအတွင်း စီးပွားရေးတက္ကသိုလ်အသီးသီးမှ ဘွဲ့ရ ၉၆,၆၉၆ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ယခုတက်ရောက်နေဆဲ ၁၉,၀၄၂ ဦး ရှိကြောင်း၊ အဝေးသင်တက္ကသိုလ်အသီးသီးကလည်း ၁၇၀,၉၃၁ ဦး မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ဒေသအလိုက် စီးပွားရေးအမြင်ရှိမည့် လူသားအရင်းအမြစ်များ မွေးထုတ်နိုင်ရန်ရည်ရွယ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ တက္ကသိုလ်အသီးသီးတွင် ဝိဇ္ဇာဘွဲ့(စီးပွားရေး) သင်တန်းများကို ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယခုသင်တန်းတက်ရောက်နေသူ ၁,၇၈၆ ဦးရှိကြောင်း၊ စီးပွားရေးပညာအခြေခံ၊ စီးပွားရေးအမြင်ရှိမှသာ နိုင်ငံစီးပွားရေးကို ပိုမိုကောင်းမွန်အောင် ဖန်တီးနိုင်ကြမည်ဖြစ်ကြောင်း၊ မြန်မာ့စီးပွားရေးနယ်ပယ် မြင့်မားလာအောင် အဘက်ဘက်က ဦးဆောင်မှုပေးခဲ့ကြသည့် ဆရာကြီးများနှင့် စီးပွားရေးပညာရပ်နယ်ပယ်အသီးသီးမှ ဆရာကြီး ဆရာမကြီးများအားလုံးကို ဂုဏ်ပြုပါကြောင်း။

**စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်**

နယ်ပယ်စုံကဏ္ဍစုံတွင် လက်တွေ့အသုံးချနိုင်သည့် စီးပွားရေးပညာရပ်ကို **“စီးပွားရေးပညာ နှစ် ၁၀၀၊ ပြည်သူ့အကျိုးတို့သယ်ပိုး”** ဟူသည့် ဆောင်ပုဒ်နှင့်အညီ မိမိအကျိုးစီးပွား၊ မိသားစုအကျိုးစီးပွား၊ လုပ်ငန်းအကျိုးစီးပွားများမှသည် နိုင်ငံနှင့်ပြည်သူများ၏ အကျိုးစီးပွားများကိုပါ မြှင့်တင်ပေးနိုင်မည့် အတ္တ-ပရ မျှတသည့် အနာဂတ်မျိုးဆက်သစ်များ၏ စီးပွားရေးဝန်းကျင်တစ်ရပ် ဖြစ်ပေါ်လာစေရေး၊ စီးပွားရေး ပညာကို လက်တွေ့ကျင့်သုံးနိုင်သူများဖြစ်အောင် ကျွမ်းကျင်သူများကို မွေးထုတ်ပေးပြီး နှောင်နှစ်ပေါင်းများစွာတိုင် အဓွန့်ရှည်တည်တံ့စေရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် အခမ်းအနားကျင်းပရေး ကော်မတီနာယက ဒေါက်တာသန်းညွန့်က ဂုဏ်ပြုစကားပြောကြားပြီး အခမ်းအနားကျင်းပရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်က “စီးပွားရေးပညာ နှစ်(၁၀၀)” ရာပြည့်အထိမ်းအမှတ် အခမ်းအနားနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ “စီးပွားရေးပညာ နှစ်(၁၀၀)” ရာပြည့်အထိမ်းအမှတ် အခမ်းအနားဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံ “စီးပွားရေးပညာနှစ်(၁၀၀)” ရာပြည့်အထိမ်းအမှတ် ပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ဝင်တစားလှည့်လည်ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ယဉ်ကျေးမှုအဆင့်အတန်းနှင့် အမျိုးသားရေးစိတ်ဓာတ်ကို ကလောင်စွမ်းအားဖြင့် မြှင့်တင်

**သိဃ်သူ**

၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်။

ထိုနေ့ညဦးယံမှစကာ မန္တလေးရတနာပုံမင်းနေပြည်၏ အထက်မိုးတိမ်ကင်းသော ကောင်းကင်ယံ၌ ဥက္ကာပျံများ ထူးထူးခြားခြား တဖွဲဖွဲကြွေနေသည်။ တစ်မိနစ်လျှင် ဥက္ကာပျံပေါင်း ၆၀၀ ထက်မနည်း ကောင်းကင်ကို ဖြတ်သန်းကြွေကျခဲ့သည့် ထိုဖြစ်စဉ်သည် ကမ္ဘာ့မှတ်တမ်းဝင်သည့် ကြယ်မုန်တိုင်းဖြစ်စဉ်တစ်ခု (apectacular meteor storm) ဖြစ်သော်လည်း ၁၉ ရာစုကာလ မြန်မာလူမျိုးတို့အဖို့မူ စိုးရိမ်ထိတ်လန့်ဖွယ် အတိတ်နိမိတ်တစ်ခုဖြစ်နေသည်။

နက္ခတ္တဗေဒပညာရှင်တို့က ဤဖြစ်စဉ်ကို နိုင်ငံနှင့် ဗုဒ္ဓသာသနာတော်အတွက် ခက်ခဲကြမ်းတမ်းမှုများကျရောက်လာမည့် အတိတ်နိမိတ်အဖြစ် ဟောကိန်းထုတ်ကြသည်။ တစ်ချိန်တည်းမှာပင် မန္တလေး၏အောက်ဘက် ဧရာဝတီမြစ်ကြောင်းထဲတွင်မူ ထိုခေတ် ကမ္ဘာ့အင်အားအကြီးဆုံးနိုင်ငံဖြစ်သည့် ဗြိတိသျှတို့၏ စစ်ရေယာဉ်အုပ်စုတစ်စုက လွန်ခဲ့သော နှစ်ပေါင်း ၆၀ ကျော်ကာလအတွင်း ၎င်းတို့ တစ်ပိုင်းပြီးတစ်ပိုင်း သိမ်းပိုက်ခဲ့သည့် မြန်မာဘုရင်၏ပိုင်နက် နောက်ဆုံးလက်ကျန် အထက်မြန်မာနိုင်ငံကို သိမ်းပိုက်ရန် ချဉ်းကပ်ရောက်ရှိနေခဲ့ပြီဖြစ်သည်။

၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်။ မြန်မာပြက္ခဒိန်တွင် ၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၈ ရက်နေ့ မွန်းလွဲပိုင်း၌ ဗိုလ်ချုပ် ပရင်ဒါဂတ်စ် ဦးဆောင်သည့် ဗြိတိသျှတပ်ဖွဲ့များ မန္တလေးမြေသို့ အခြေချကာ မြန်မာတို့၏ နောက်ဆုံးဘုရင်နှင့် မိဖုရားတို့ကို နာရီပိုင်းအတွင်း ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီးနောက် အရှင်သခင်ကင်းမဲ့သွားပြီဖြစ်သော နန်းတော်ကြီးအတွင်း ရုတ်ရုတ်သဲသဲဖြစ်၍ ကျန်ရစ်ခဲ့သည်။ ထိုနေ့က ဖြစ်စဉ်နှင့်စပ်လျဉ်း၍ မျက်မြင်ကိုယ်တွေ့ ကြုံတွေ့ခဲ့ရသူ ပုဂံဝန်ထောက်မင်း ဦးတင် ( ၁၂၂၃-၁၂၉၅) က **“မြန်မာမင်းများ အုပ်ချုပ်ပုံစာတမ်း”** ပဉ္စမပိုင်း၌ မှတ်တမ်းတင်ခဲ့ရာတွင် -

**“၁၂၄၇ ခု၊ တန်ဆောင်မုန်းလဆုတ် ၈ ရက်နေ့မှာ နန်းတော်အတွင်းသို့ အင်္ဂလိပ်စစ်သည်တော်များ ဝင်ရောက်လာကြသည်။ မြန်မာတို့၏ ထုံးစံအတိုင်း ပုရပိုက်များကို ကျွန်းသေတ္တာကြီးအတွင်း ထည့်သွင်းကာ အလုပ်လုပ်ရာဌာနရှိသမျှနှင့် စာရင်းတိုက်မှာ ထားကြသည်။ ပုရပိုက် အမှတ်အသားထားသော သေတ္တာများမှာလည်း မရေမတွက်နိုင်လောက်အောင် များပြားသည်။ ထိုသေတ္တာအတွင်း ပုရပိုက်များနှင့်အတူ ဗောင်း၊ နားထောင်း၊ ဝတ်လုံ စသော မင်းခမ်းမင်းနားနှင့် ဆိုင်သည့် အဝတ်အစားများ၊ ငွေများ၊ အဖိုးတန်သော အသုံးအဆောင်များကို ထားကြသည်။ အင်္ဂလိပ်စစ်ဗိုလ်၊ စစ်သား စသူများနှင့် ၎င်းတို့၏နောက်လိုက်များပါ သေတ္တာရှိသမျှကို ဖွင့်လှစ်ယူငင်ကြရာ အချို့မှာ ပစ္စည်းအဖိုးတန်များကိုရကြသည်။ အချို့မှာ ပစ္စည်းကိုမရသော်လည်း ပစ္စည်းရှိမည်အထင်နှင့် သေတ္တာများကို ဖွင့်လှစ်ရှာဖွေသည့်အတွက် ပုရပိုက်များမှာ အခေါက်ပျက်ကုန်ကာ ပစ်ထားလိုက်ကြသည်။**

**“နန်းတော်အတွင်း၌ အနှံ့အပြားဖြစ်နေသော ပုရပိုက်များကို အမှိုက်လှည်းသူများက စုဆောင်းကာ မြေပေါ်တွင်ပုံ၍ မီးရှို့ပစ်ကြသည်။ ထိုကဲ့သို့ မီးရှို့ကြဆဲတွင် တွေ့မြင်သူ ကုလီများသည် မီးရှို့ရာက အသာအယာယူကြရာ တစ်စုံတစ်ရာ တားဆီးကန့်ကွက်ခြင်း မရှိ၊ အလိုရှိရာ ယူခွင့်ရကြသည်။**

**“ထိုကဲ့သို့ မီးရှို့ကြခြင်း၊ ယူငင်ခြင်းမှာ စိတ်အထင် မှန်းခြေအားဖြင့် ခုနစ်ရက်တစ်ပတ်လောက် ကြာဟန်တူသည်။ ထိုအခါမှာ ကင်းဝန်မင်းကြီးလည်း မရှိသေး။ ရှင်ဘုရင်၊ မိဖုရား၊ သမီးတော်များနှင့်အတူ ရန်ကုန်သို့ပါသွားလျက်ရှိသည်။”**

ဟူ၍ မျက်မြင်ကိုယ်တွေ့ အဖြစ်အပျက်ကို ရေးသားခဲ့သည်။

နန်းတော်တွင်း အဆောင်ဆောင် အခန်းခန်းများထဲမှ ရနိုင်သမျှသောပစ္စည်းများကို ရှာဖွေမွှေနှောက်ယူငင်ခြင်း၊ ရှေးမင်းအဆက်ဆက်ကပင် သိမ်းဆည်းလာခဲ့သော မြန်မာ့ယဉ်ကျေးမှု ပေစာထုပ်၊ ပုရပိုက်ထုပ်များ၊ မှတ်တမ်းမှတ်ရာများကို မြေကြီးပေါ်တွင်ပုံ၍ မီးရှို့ဖျက်ဆီးခြင်းတို့ကို အင်္ဂလိပ်စစ်ဗိုလ်၊ စစ်သားများက တံခါးမရှိ၊ ဓားမရှိ ပြုလုပ်နေကြခြင်းတို့မှာ ရက်သတ္တတစ်ပတ်ခန့် ကြာမြင့်ခဲ့ပြီးနောက် လွှတ်တော်အတွင်းမှ မြန်မာအရာရှိကြီးတစ်ဦးက ကာနယ်စလေဒင်ထံ လူလွှတ်၍ တားဆီးခိုင်းမှသာ အမိန့်ထုတ် တားဆီးခဲ့သည်။ လွှတ်တော်နန်းတော်များမှာ ကျန်ရစ်နေသည့် ရရှိသမျှသော ပုရပိုက်များမှာ လှည်းအစီးရေ ၄၀ ကျော်ခန့်ဖြစ်ပြီး ရန်ကုန်သို့ပို့ဆောင်ခဲ့သည်။ မီးရှို့ဖျက်ဆီးခံလိုက်ရသည့် ပေ၊ ပုရပိုက်များမှာမူ ယင်းထက် သုံး၊ လေးဆခန့် များပြားခဲ့ရာ ပျက်စီးဆုံးရှုံးသွားခဲ့ရသည့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် စာပေနှင့် မှတ်တမ်းမှတ်ရာများ၏ ပမာဏ မည်မျှကြီးမားမည်ကို မည်သူမျှ မသိနိုင်တော့။

> **“စာရေးဆရာသည် သူ၏စာပေဖြင့် လောက၏ အမြတ်တရားကြီးသုံးပါးဖြစ်သော အကောင်းတရား၊ အမှန်တရား၊ အလှတရားတို့ကိုဖွဲ့ဆိုပြီး လူသားတို့ ကြီးပွားတိုးတက်ရေး၊ အသိဉာဏ်ဖွံ့ဖြိုးရေး၊ စိတ်နှလုံးဖြူစင်ဖြောင့်မတ် သိမ်မွေ့ရေးတို့ကို စွမ်းဆောင်ပေးနေကြခြင်းပင်ဟူ၍ ဖြစ်သည်။ သို့ဖြစ်သည့်အလျောက် မြန်မာ့သမိုင်းတစ်လျှောက်တွင် မြန်မာစာဆိုတော်ကြီးများ၏ မြန်မာစာပေအားဖြင့် နိုင်ငံ့အကျိုးစီးပွား နိုင်ငံသူ နိုင်ငံသားတို့၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ခဲ့မှုများကို ချီးကျူးဂုဏ်ပြုပူဇော်သောအားဖြင့် စာဆိုတော်နေ့ကျင်းပခြင်းနှင့် စာပေဆုများချီးမြှင့်ပေးသည့် ဓလေ့ကို အနာဂတ်ကာလများသို့ ဆက်လက်ကမ်းယူ သယ်ဆောင်သွားကြရမည်”**

*　*　*

**“စာပေ ဝတ္ထု၊ ရတု ကဗျာ၊ ပျို့လင်္ကာနှင့်၊**
**သာသည့်သီချင်း၊ အဲစောင်းငြင်းကို၊**
**မကင်းမပြတ်၊**
**ဖတ်ရှုလေ့ကျက်၊ တီးမှုတ်လျက်သာ၊**
**နေကောင်းစွာ၏”**
(ဝန်ကြီးပဒေသရာဇာ၊ ညောင်ရမ်းခေတ်)

မြန်မာစာပေ၏အစကို ပုဂံခေတ်က ဟူ၍ အခိုင်အမာတွေ့ရှိရသည့် ကျောက်စာအထောက်အထားအရ ညွှန်းဆိုကြသည်။ နောက်ထပ်သက်သေအထောက်အထားများ ထပ်မံထွက်ပေါ်လာပါက မြန်မာစာပေ၏ မူလအစသည် လက်ရှိယူဆထားကြသည်ထက်လည်း စောလျှင်စောနေလိမ့်ဦးမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေ မြန်မာစာပေယဉ်ကျေးမှုသည် ပုဂံခေတ်မှစတင်ကာ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင် စသည့် ခေတ်အဆက်ဆက်တို့တွင် တိုးတက်ဖွံ့ဖြိုးစည်ပင်ခဲ့သည်။ စာသည် ဘာသာစကား၏ သင်္ကေတဖြစ်ပြီး အသံကို ပေးသကဲ့သို့ အနက်အဓိပ္ပာယ်ကိုလည်းပေးသည်။ စာကို အနုပညာ ရသမြောက်စွာ၊ အနှစ်သာရပြည့်ဝစွာ ရေးသားဖွဲ့သီသောအခါ စာပေဖြစ်ပေါ်လာသည်။

ခေတ်ဟောင်း မြန်မာစာပေသမိုင်းကြောင်းတွင် စာပေကို ရေးသားဖွဲ့ဆိုကြသူများမှာ ရဟန်းတော်များ၊ ထီးရိပ်နန်းရိပ်မှ မင်းမှူးမတ်၊ မင်းညီမင်းသား၊ မင်းသမီးများနှင့် မင်းမှုထမ်းများ၊ ရပ်ရွာထဲတွင် နေထိုင်ကြသူများဖြစ်ကြပြီး ပျို့၊ မော်ကွန်း၊ ရတု၊ ချေင်း၊ လူးတား၊ ရကန်၊ သာချင်း၊ တေးထပ်၊ လေးဆစ်၊ နှစ်ဆစ်၊ မှာတမ်း၊ နန်းတွင်းဇာတ်၊ ပြဇာတ်၊ ရာဇဝင်၊ အရေးတော်ပုံ၊ ဗုံကြီးသံ၊ ဗုံထောက်သံ၊ သီချင်း၊ အိုင်ချင်း၊ တျာချင်း၊ နတ်ချင်း၊ ဒိုးချင်း၊ လွမ်းချင်း၊ သံချို၊ မေတ္တာစာ၊ ဟောစာ စသော စာပေအမျိုးအစားများကို ဖွဲ့ဆိုခဲ့ကြသည်။

စာအများစုမှာ စကားပြေထက် သာယာနာပျော်ဖွယ် အသံ၊ ကာရန်များဖြင့် ရေးသားဖွဲ့ဆိုကြခြင်းဖြစ်သည့်အတွက် စာသည် သာမန်အားဖြင့် ဖတ်ရန်မဟုတ်ဘဲ ရွတ်ဆိုရန်ဖြစ်သည်။ စာပေအမျိုးအစားအလိုက် အသံနေ၊ အသံထားဖြင့် ရွတ်ဆိုမှသာ အနက်အဓိပ္ပာယ်ကိုသာမက ရသကိုပါ ခံစားနိုင်သည်ဖြစ်ရာ စာပေကို ရေးသားဖွဲ့ဆိုသူတို့မှာ စာဆိုတော်များဖြစ်လာသည်။ မြန်မာ့သမိုင်းတစ်လျှောက် ခေတ်အလိုက် စာဆိုတော်များ ရေးသားခဲ့သည့် စာပေမြောက်မြားစွာတို့မှာ မမြဲသည့် တရားသဘောအရ ပျက်စီးခဲ့ကြရသလို လူတို့ဖျက်ဆီးမှုများကြောင့်လည်း ပျက်စီးခဲ့ကြရသည်။ ထို့အပြင် အလေးအနက်မရှိ၊ တန်ဖိုးမထား၊ မေ့လျော့ပေါ့တန်မှုများကြောင့်လည်း ပျက်စီးကြရသည်။

*　*　*

**“မြန်မာပြည်သည် တို့ပြည်၊ မြန်မာစာသည် တို့စာ၊**
**မြန်မာစကားသည် တို့စကား၊ တို့ပြည်ကို ချစ်ပါ၊**
**တို့စာကို ချီးမြှင့်ပါ၊ တို့စကားကို လေးစားပါ။”**
(တို့ဗမာအစည်းအရုံး)

မြန်မာနိုင်ငံ ကိုလိုနီဘဝကျရောက်သွားသည့်အခါ မြန်မာလူမျိုးတို့မှာ အုပ်ချုပ်မှုပုံစံ အပြောင်းအလဲ၊ လူမှုပတ်ဝန်းကျင် အပြောင်းအလဲများနှင့် ကြုံတွေ့ကြရပြီး မလွဲသာမရှောင်သာဆိုသလိုပင် အစဉ်အလာ ထုံးဓလေ့များ၊ တန်ဖိုးထားမှုစံနှုန်းများလည်း ပြောင်းလဲလာခဲ့ကြသည်။ အစဉ်အလာပညာရေးဖြစ်သော ဘုန်းတော်ကြီးသင်ပညာရေးသည် အစိုးရအလုပ်အကိုင် ရာထူးရာခံများကို မျှော်မှန်းနိုင်သည့် အစိုးရကျောင်းများ၏နောက်သို့ ရောက်သွားကာ မေးမှိန်သွားရပြီး ကျေးလက်ဒေသများတွင်သာ ဆက်လက်ရှင်သန်နိုင်ခဲ့ကြသည်။

အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကားတတ်သူတို့သာလျှင် မင်းပေါက်စိုးပေါက် အရာရောက်ကြသည့်အခါ မြန်မာစာ၊ မြန်မာစကားက အောက်ကျနောက်ကျဖြစ်လာသည်။ အင်္ဂလိပ်အစိုးရမင်းတို့ကိုသာ ဘုရားထူးမော်ဖူးနေကြရခြင်း ဖြစ်သည့်အလျောက် တိုင်းတစ်ပါးသားတို့ကို အရှင်သခင်အဖြစ် မြင်လာပြီး မိမိလူမျိုး၊ မိမိကိုယ်ကို နိမ့်ကျသူအဖြစ် မြန်မာတို့ရှုမြင်လာသည်။ တစ်နည်းအားဖြင့် ကျွန်စိတ်ပေါက်လာခြင်းပင်ဖြစ်ရာ ခေတ်ပညာတတ် မျိုးချစ်လူငယ်တစ်စုတို့ ၁၉၃၀ ပြည့်နှစ်တွင် စတင်တည်ထောင်လိုက်ကြသည့် တို့ဗမာအစည်းအရုံးက မြန်မာပြည်သူလူထုကို ဇာတိသွေး၊ ဇာတိမာန်တို့ တက်ကြွနိုးကြားလာကြစေရန် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း တပ်လှန့်သတိပေးခဲ့သည်။

မိမိတို့သည် ကျွန်လူမျိုးများ မဟုတ်ကြောင်း အသိပေးသည့်အနေဖြင့် သခင်ဘွဲ့ကို ခံယူခဲ့ကြသလို မိမိနိုင်ငံကို ချစ်ရန်၊ မိမိတို့စာကို ချီးမြှင့်ရန်၊ မိမိတို့၏စကားကို လေးစားရန်လည်း ကြွေးကြော်အသိပေးခဲ့ ကြသည်။ ၁၉၃၀ ပြည့်လွန် ဆယ်စုနှစ်အတွင်း ရန်ကုန်တက္ကသိုလ်နယ်မြေမှ ပေါ်ထွက်လာသည့် ခေတ်စမ်းစာပေနှင့် တိုးတက်သော မြန်မာလူငယ်တို့၏ နဂါးနီစာအုပ်အသင်းတို့က မြန်မာစာပေကို သွေးသစ်လောင်း အားဖြည့်ပေးနိုင်ခဲ့ကြသည်။

၁၉၄၀ ပြည့်နှစ်တွင် ဒီးဒုတ်ဦးဘချို၊ ဂျာနယ်ကျော် ဦးချစ်မောင်တို့၏ ဦးဆောင်ဦးရွက် ကမကထပြုမှုဖြင့် မြန်မာနိုင်ငံ စာရေးဆရာများအသင်းဖွဲ့စည်းပေါ်ပေါက်လာပြီးနောက် လေးနှစ်အကြာတွင် နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့အဖြစ် သတ်မှတ်ခဲ့ပြီး ပထမအကြိမ် စာဆိုတော်နေ့အခမ်းအနားကို ၁၃၀၆ ခုနှစ် နတ်တော်လဆန်း ၁ ရက် (၁၉၄၄ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်) တွင် စတင်ကျင်းပခဲ့သည်။ စာဆိုတော်နေ့ကျင်းပရခြင်းသည် မြန်မာစာပေကို သမိုင်းတစ်လျှောက် ခေတ်အဆက်ဆက်တွင် ဖွံ့ဖြိုးတိုးတက် ထွန်းကားလာစေရန် နှလုံးရည်စွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ရဟန်းစာဆို၊ လူပုဂ္ဂိုလ်စာဆိုများ၏ ကျေးဇူးကို ချီးကျူးဂုဏ်ပြုခြင်းပင်ဖြစ်သည်။

မြန်မာစာပေလောက ရှင်သန်ဖွံ့ဖြိုးရေးအတွက် စာပေပညာရှင်ကြီးများက စာပေများ ပြုစုရေးသားစွမ်းဆောင်ကြသကဲ့သို့ပင် နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ စေတနာရှင်လူပုဂ္ဂိုလ်များ၏ အားပေးချီးမြှောက်မှုများကလည်း မြန်မာစာပေလောကကို ပိုမို၍ တိုးတက်ထွန်းကားစည်ပင်စေသည်။ အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု၊ ပုဂ္ဂလိကစာပေဆုများဖြင့် စာပေပညာရှင်ကြီးများကို ချီးကျူးဂုဏ်ပြုခြင်း၊ စာပေမျိုးဆက်သစ်များ ပေါ်ပေါက်လာစေရန် မြေတောင်မြှောက်ပေးခြင်း၊ စာတမ်းဖတ်ပွဲ၊ စာပေဟောပြောပွဲ၊ စာပေဆွေးနွေးပွဲများ ကျင်းပခြင်းဖြင့် မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အပံ့ကောင်းများကို ဆောင်ရွက်ပေးသကဲ့သို့ မြန်မာစာပေဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စာပေလောကသားတို့၏ ဆုံမှတ်အဖြစ် စာဆိုဗိမာန်ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

*စာမျက်နှာ ၇ သို့*

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြုအားကစားအသင်းများ လေ့ကျင့်နေမှု ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၂၈

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ယနေ့ညနေပိုင်းတွင် တည်းခိုရေးစခန်းရှိ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် သရုပ်ဖော်ကပြမည့် ဝန်ကြီးဌာနလက်အောက်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း) တို့မှ ကျောင်းသား ကျောင်းသူများနှင့် ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြု အားကစားအသင်းများ လေ့ကျင့်နေမှုကို သွားရောက်အားပေးသည်။

## ချီးမြှင့်ငွေများပေးအပ်

ဦးစွာပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး ရေးတက္ကသိုလ်၊ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း) တို့မှ ကျောင်းသား ကျောင်းသူများအား သွားရောက်တွေ့ဆုံအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။





ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနကိုယ်စားပြု ပိုက်ကျော်ခြင်းအသင်း၊ ဘောလုံးအသင်းနှင့် ဖူဆယ်အသင်းတို့ လေ့ကျင့်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ချီးမြှင့်ငွေနှင့်အင်အားဖြည့်အစားအစာများ ပေးအပ်ကာ အားကစားအသင်းများအနေဖြင့် ဝန်ကြီးဌာန ဂုဏ်ဆောင်နိုင်အောင် အားကစားစိတ်ဓာတ်အပြည့်ဖြင့် လေ့ကျင့်ယှဉ်ပြိုင်သွားရန်၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ဖြစ်အောင် ကြိုးစားကြရန်၊ ကျန်းမာရေးနှင့် ကြံ့ခိုင်မှု ကောင်းမွန်အောင် နေထိုင်၊ စားသောက်ရေး ဂရုစိုက်ကြရန် မှာကြားသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် နယ်စပ်ရေးရာ ဝန်ကြီးဌာနမှ ဘောလုံး (အမျိုးသား)၊ ဘော်လီဘော(အမျိုးသား/အမျိုးသမီး)၊ ပိုက်ကျော်ခြင်း(အမျိုးသား)၊ ဖူဆယ် (အမျိုးသား)၊ဂေါက်သီးရိုက် (အမျိုးသား) စသည့် အားကစားနည်း ၅ မျိုးကို အားကစားသမား ၁၀၅ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၆ မှ*

စာပေဆုများတွင် အမြင့်ဆုံးသော အမျိုးသားစာပေဆုသည် နိုင်ငံတော်အဆင့် ချီးမြှင့်သည့် ဆုဖြစ်ပြီး ၁၉၄၈ ခုနှစ်မှ စတင်ကာ **"စာပေဗိမာန်ကာလပေါ် ဝတ္ထုဆု"**၊ **" စာပေဗိမာန်ဆု"**၊ **"အနုပညာစာပေဆိုင်ရာဆု"**၊ **"အမျိုးသားစာပေဆု"** စသည်ဖြင့် ဆုအမည်အမျိုးမျိုးပြောင်းလဲခဲ့သလို ဆုချီးမြှင့်သည့် ဘာသာရပ်များလည်း တိုးတက်ချီးမြှင့်ပေးခဲ့သည်။ ထို့အပြင် မြန်မာစာပေအကျိုးကို တစ်သက်တာလုံး အားထုတ်ကြိုးပမ်း ဆောင်ရွက်ခဲ့ပြီး သုတ၊ ရသစာပေများ ရေးသားပြုစုသည့် လုပ်ငန်းကို ဘဝတစ်လျှောက် တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ကြသည့် စာပေပညာရှင်ကြီးများအား အသိအမှတ်ပြုချီးမြှောက်သည့်အနေဖြင့် **"အမျိုးသားစာပေ တစ်သက်တာဆု"**ကို ၂၀၀၁ ခုနှစ်မှ စတင်ချီးမြှင့်ခဲ့သည်။

ထို့အပြင် အကြောင်းအမျိုးမျိုးကြောင့် ပုံနှိပ်ထုတ်ဝေရန် အခက်အခဲရှိသည့် ကလောင်ရှင်များ၏ စာမူကောင်းများကို စာအုပ်အဖြစ် ထုတ်ဝေပေးရန်နှင့် ဆုချီးမြှင့်ပေးနိုင်ရန်အတွက် **"စာပေဗိမာန်စာမူဆု"** ကို ပြိုင်ပွဲဝင်စနစ်ဖြင့် ရွေးချယ်ချီးမြှင့်ပေးလျက်ရှိသည်။

* * *

၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုနှင့် အမျိုးသားစာပေဆုများကိုလည်းကောင်း၊ စာပေဗိမာန်စာမူဆုများကိုလည်းကောင်း နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။ ၂၀၂၃ ခုနှစ် အမျိုးသားစာပေ တစ်သက်တာဆုကို စာပေပညာရှင်ကြီး ခြောက်ဦးတို့အား ရွေးချယ်ချီးမြှင့်ခဲ့ခြင်းဖြစ်ရာ တစ်နှစ်တာအတွက် အများဆုံးရွေးချယ်မှုပင်ဖြစ်ပြီး ဆရာကြီးဒေါက်တာမင်းတင်မွန် (ပါရဂူမင်းနန္ဒာ)၊ ဆရာကြီး ဒေါက်တာတိုးလှ၊ ဆရာကြီး ဦးညွန့်ဆွေ (မောင်ဆွေသက်)၊ ဆရာကြီး ဦးသန်းဆွေ (မောင်သန်းဆွေ- ထားဝယ်)၊ ဆရာကြီးဒေါက်တာကျော်ဝင်း (သမိုင်း)နှင့် ဆရာကြီး ဦးညွန့်တင် (မောင်ငြိမ်းသူ- ကြို့ပင်ကောက်) တို့ကို ရွေးချယ်ခဲ့သည်။

၂၀၂၃ ခုနှစ် အမျိုးသားစာပေဆုကို ဝတ္ထုရှည်ဆု၊ ဝတ္ထုတိုဆု၊ ကဗျာ (ဂန္ထဝင်)ဆု၊ စာပဒေသာဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆု၊ ကလေးစာပေဆု၊ လူငယ်စာပေဆု၊ ဘာသာပြန် (သုတ) ဆု၊ သုတပဒေသာ (ဝိဇ္ဇာဆု)၊ သုတပဒေသာ(ရိုးရိုးသိပ္ပံ)ဆု၊ သုတပဒေသာ(အသုံးချသိပ္ပံ)ဆု၊ နိုင်ငံရေးစာပေဆု၊ အင်္ဂလိပ်ဘာသာ(သုတ)ဆု၊ ရသစာတမ်း (အက်ဆေး) ဆု၊ ရည်ညွှန်းစာပေဆုဟူ၍ စုစုပေါင်းဘာသာရပ် ၁၅ ခုတို့အတွက် ရွေးချယ်ခဲ့သည့် စာအုပ်များနှင့် စာရေးဆရာများကို ထုတ်ပြန်ကြေညာခဲ့ပြီး အမျိုးသားစာပေ တစ်သက်တာဆုရ ဆရာကြီးတစ်ဦးလျှင် ငွေကျပ်သိန်း ၁၀၀ ချီးမြှင့်မည်ဖြစ်ကြောင်းနှင့် အမျိုးသားစာပေဆုများကို တစ်ဆုလျှင် ငွေကျပ်သိန်း ၃၀ ချီးမြှင့်သွားမည် ဖြစ်ကြောင်းလည်း သိရသည်။

၂၀၂၃ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု ပြိုင်ပွဲတွင် ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ်၊ သုတပဒေသာ (ဝိဇ္ဇာ)၊ သုတပဒေသာ (ရိုးရိုးသိပ္ပံနှင့် အသုံးချသိပ္ပံ)၊ စာပဒေသာ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေ၊ ကလေးစာပေ၊ လူငယ်စာပေ၊ နိုင်ငံရေးစာပေ၊ ပြဇာတ်စာပေ၊ ဘာသာပြန်စာပေနှင့် အင်္ဂလိပ်စာမူဟူ၍ စုစုပေါင်း ဘာသာရပ် ၁၃ ခုတို့အတွက် ပြိုင်ပွဲဝင်စာမူများမှ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုနှင့် အမျိုးသားစာပေဆုများ၊ စာပေဗိမာန်ဆုများကို လာမည့် ၁၃၈၆ ခုနှစ် နတ်တော်လဆန်း ၁ ရက် (စာဆိုတော်နေ့) (၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့ (တနင်္ဂနွေနေ့)) တွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန၊ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီက ထုတ်ပြန်ကြေညာထားသည်။

* * *

လောကတွင် (၁) အကောင်းတရားသာဓုဓမ္မ (The Good)၊ (၂) အမှန်တရားသစ္စဓမ္မ (The Truth)၊ (၃) အလှတရားကလျာဏဓမ္မ (The Beautiful) ဟူ၍ ပရမတ်အမြတ်တရားကြီး သုံးပါးရှိသည်နှင့် အညီ လောကလူမှုရေးရာများနှင့် ထိုရေးရာများတွင် ကြီးမှူးဆောင်ရွက်သူများ၊ စာပေနှင့် စာရေးဆရာများကိုလည်း သုံးမျိုးသုံးစားခွဲခြားနိုင်သည်ဟု ၁၉၂၀ ကောလိပ်သပိတ်ခေါင်းဆောင်၊ ရှေးဟောင်းသုတေသီ၊ မြန်မာစကားပညာရှင် ဆရာကြီး ဦးဖိုးလတ်က စာပေနှင့်စာရေးဆရာ အမည်ရှိ ဆောင်းပါးတွင် ရေးသားခဲ့သည်။

လောကလူမှုရေးရာတွင် **အကောင်းတရားသာဓုဓမ္မ** – လူတို့၏ ကောင်းစားရေး၊ ကြီးပွားတိုးတက်ရေး၊ ချမ်းသာကြွယ်ဝရေး စသည်တို့တွင် ကြီးမှူးဆောင်ရွက်နေသူများမှာ မင်းများ၊ အမှုးအမတ်များ၊ အုပ်ချုပ်ရေးအာဏာပိုင်များ၊ နိုင်ငံရေးခေါင်းဆောင်များ စသည်တို့ဖြစ်သည်။ **အမှန်တရားသစ္စဓမ္မ** – လူတို့၏ အသိဉာဏ်တိုးတက်ရေး၊ နိယာမတရားများကို နားလည်ရေး၊ ယုံကြည်ကိုးကွယ်ရေး၊ ပညာရေး၊ လေ့ကျင့်နေထိုင်ရေးတို့တွင် ဦးတည်ဆောင်ရွက်နေသူများမှာ ရသေ့ရဟန်းများ၊ လောကဓာတ်ဆရာကြီးများ၊ သိပ္ပံပညာသည်ကြီးများ၊ စာပေသင်ကြားပို့ချပေးနေကြသော ဆရာ ဆရာမများ စသည်တို့ဖြစ်သည်။ နောက်ဆုံး **အလှတရား – ကလျာဏဓမ္မ**– လူတို့၏ တင့်တယ်ရေး၊ မြင့်မြတ်ရေး၊ စိတ်သာယာကြည်နူးရေး၊ စိတ်သဘောဖြူစင်ဖြောင့်မတ် သိမ်မွေ့ရေး၊ လူတို့၏ ယဉ်ကျေးမှုအတွက် လုံးပန်းဆောင်ရွက်နေသူများမှာ ဗိသုကာဆရာကြီးများ၊ ပန်းပုဆရာများ၊ ပန်းချီဆရာများ၊ ကဗျာလင်္ကာဆရာများ၊ ပန်တျာသည်များ၊ ကပြသူ သဘင်သည်များ စသော အနုပညာသည်များ ဖြစ်ကြသည်ဟု ဆရာကြီး ဦးဖိုးလတ်က ဖွင့်ဆိုထားပြီး အဆိုပါ အမြတ်တရားကြီး သုံးပါးလုံးတွင် စာပေနှင့် စာရေးဆရာများ ပါဝင်နေသည်ဟု ဆိုခဲ့သည်။

ဆိုလိုသည်မှာ စာရေးဆရာသည် သူ၏ စာပေဖြင့် လောက၏ အမြတ်တရားကြီးသုံးပါးဖြစ်သော အကောင်းတရား၊ အမှန်တရား၊ အလှတရားတို့ကို ဖွဲ့ဆိုပြီး လူသားတို့ ကြီးပွားတိုးတက်ရေး၊ အသိဉာဏ်ဖွံ့ဖြိုးရေး၊ စိတ်နှလုံးဖြူစင်ဖြောင့်မတ် သိမ်မွေ့ရေးတို့ကို စွမ်းဆောင်ပေးနေကြခြင်းပင်ဟူ၍ ဖြစ်သည်။ သို့ဖြစ်သည့်အလျောက် မြန်မာ့သမိုင်းတစ်လျှောက်တွင် မြန်မာစာဆိုတော်ကြီးများ၏ မြန်မာစာပေအားဖြင့် နိုင်ငံ့အကျိုးစီးပွား နိုင်ငံသူနိုင်ငံသားတို့၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ခဲ့မှုများကို ချီးကျူးဂုဏ်ပြုပူဇော်သောအားဖြင့် စာဆိုတော်နေ့ကျင်းပခြင်းနှင့် စာပေဆုများချီးမြှင့်ပေးသည့် ဓလေ့ကို အနာဂတ်ကာလများသို့ ဆက်လက်ကမ်းယူ သယ်ဆောင်သွားကြရမည် ဖြစ်သည်။

ထို့အပြင် နိုင်ငံ၏ပုံရိပ်ကို မြှင့်တင်နိုင်သည့်၊ နိုင်ငံနှင့် လူမျိုး၏အကျိုးကို ဆောင်ကြဉ်းနိုင်သည့် စာကောင်းပေမွန်များ အနာဂတ်တွင် ရှင်သန်ဖွံ့ဖြိုးနိုင်ရေးအတွက်လည်း မျိုးဆက်သစ်၊ ကလောင်သစ် စာပေပညာရှင်များ ဆက်လက်ပေါ်ထွန်းနေရန် လိုအပ်သည်။

**"စာပေသည် လူမျိုး၏ ယဉ်ကျေးမှုမဏ္ဍိုင်ဖြစ်ပါကြောင်း၊ စာအုပ်မျိုးစုံသည် လူသားများ၏ ခေတ်ကြေးမုံဖြစ်ပါကြောင်း၊ စာအုပ်စာပေများသည် လူ့မိတ်ဆွေများဖြစ်ပြီး စာပေမြင့်မှ လူမျိုးတင့်မည်ပင် ဖြစ်ပါကြောင်း၊ စာပေသည် နိုင်ငံ၏ ယဉ်ကျေးမှုအဆင့်အတန်းနှင့် အမျိုးသားရေးစိတ်ဓာတ်ကို မြှင့်တင်ပေးပါကြောင်း၊ "ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်မည်" ဆိုသည့် သတိပေးဆိုရိုးစကားအတိုင်းလိုက်နာပြီး ဒီယဉ်ကျေးမှုမပျောက်ပျက်အောင်၊ ခိုင်မြဲတည်တံ့အောင် ဆက်လက်တည်ဆောက်ရန်မှာ နိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်ကို အသိပေးပြောကြားလိုပါကြောင်း"** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယမန်နှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ကျင်းပသည့် ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနား အမှာစကားတွင် ပြောကြားခဲ့ရာ နိုင်ငံနှင့်လူမျိုးတို့၏ ယဉ်ကျေးမှု မြင့်မားရေး၊ အမျိုးသားရေးစိတ်ဓာတ် မြင့်မားရေးတို့အတွက် စာပေပညာကလောင်စွမ်းအားဖြင့် ဆက်လက်မြှင့်တင်ပေးနိုင်ကြပါရန် နတ်တော်လဆန်း ၁ ရက်နေ့တွင် ကျင်းပမည့် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်ကြီးအား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေးသားလိုက်ရပါကြောင်း။ ။

---

## နေရာကွက်ကျားမှ နေရာကျဲကျဲမိုးရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၂၈

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် မြန်မာနိုင်ငံ "စီးပွားရေးပညာနှစ် (၁၀၀)" ရပြည့်အထိမ်းအမှတ် စာတမ်းဖတ်ပွဲများ တက်ရောက်အားပေး



**နေပြည်တော် နိုဝင်ဘာ ၂၈**
မြန်မာနိုင်ငံ "စီးပွားရေးပညာနှစ်(၁၀၀)" ရပြည့်အထိမ်းအမှတ် အခမ်းအနားကို ယနေ့တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ MICC II ၌ ကျင်းပခဲ့ပြီး မွန်းလွဲပိုင်းအစီအစဉ်များအဖြစ် Parallel Session (၃)ခုဖြင့် စာတမ်းဖတ်ပွဲများကို ဆက်လက်ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်အားပေးသည်။

Parallel Session I တွင် "မြန်မာနိုင်ငံ၏ စီးပွားရေးပညာနှစ် (၁၀၀) ခရီး - ယခင်၊ ယခုနှင့် အနာဂတ်စီးပွားရေး အလားအလာ" ခေါင်းစဉ်၏အောက်တွင် စာတမ်းရှင် ရှစ်ဦးတို့က မြန်မာနိုင်ငံတွင် စီးပွားရေးပညာနှစ် ၁၀၀ အတွင်း ဖွံ့ဖြိုးမှု၊ လူဦးရေပြောင်းလဲမှုဖြစ်စဉ်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မူဝါဒချမှတ်သူများအတွက် စိန်ခေါ်မှုများနှင့်အခွင့်အလမ်းများ၊ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအပေါ်လေ့လာသုံးသပ်ခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ဖြောင့်မတ်တည်ကြည်မှု၊ ကိုလိုနီခေတ်မှ ပါလီမန်ခေတ်အထိ ဆောင်ရွက်ခဲ့သော မြန်မာ့သမဝါယမစီမံကိန်း (၃)ခုကို လေ့လာခြင်း၊ နိုင်ငံတကာစံများနှင့်အညီ စာရင်းစစ်ဆေးခြင်း၏ အကျိုးကျေးဇူးနှင့် စိန်ခေါ်မှုများ၊ မြန်မာနိုင်ငံ၏ အစိမ်းရောင်စီးပွားရေး ဖော်ဆောင်နိုင်မည့်အလားအလာ၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး လူမှုရင်းနှီးမြှုပ်နှံပေး ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဦးမောင်မောင်တင့်က သဘာပတိအဖြစ်လည်းကောင်း။

Parallel Session II တွင် "မျက်မှောက်ခေတ် ကမ္ဘာ့စီးပွားရေးအလားအလာနှင့် စိန်ခေါ်မှုများ" ခေါင်းစဉ်၏အောက်တွင် စာတမ်းရှင် ၁၁ ဦးတို့က "ပထဝီနိုင်ငံရေးအားပြိုင်မှု၊ မိတ်ဖက်နိုင်ငံရေးနှင့် စီးပွားရေးစိန်ခေါ်မှုများကို နိုင်ငံရေးဘောဂဗေဒ ချဉ်းကပ်မှုဖြင့် ရင်ဆိုင်ကျော်လွှားခြင်း၊ ကမ္ဘာ့စီးပွားရေးစိန်ခေါ်မှုများအား ရင်ဆိုင်ဖြေရှင်းရန် ချဉ်းကပ်မှု နည်းလမ်းသစ်များ၊ နိုင်ငံတကာဖွံ့ဖြိုးမှု အကူအညီများနှင့် မြန်မာနိုင်ငံပေါ် အကျိုးသက်ရောက်မှုများကို လေ့လာဆန်းစစ်ခြင်း၊ မျက်မှောက်ခေတ်ကမ္ဘာ့စီးပွားရေး အလားအလာနှင့် စိန်ခေါ်မှုများနှင့် ပတ်သက်၍ ရွှေ့ပြောင်းလုပ်သားနှင့် သက်ဆိုင်သည့်အပိုင်း၊ ပတ်လည်စီးပွားရေးနှင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု၊ ရေရှည်တည်တံ့သည့် စွမ်းအင်အရင်းအမြစ်များ လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ရေးအပေါ် သက်ရောက်သည့် မြန်မာနိုင်ငံ၏ စွမ်းအင်သုံးစွဲမှု လိုအပ်ချက်၊ မျက်မှောက်ခေတ်ကမ္ဘာ့စီးပွားရေး အလားအလာနှင့် စိန်ခေါ်မှုများ၊ အာဆီယံစီးပွားရေး အသိုက်အဝန်း (AEC) အလားအလာနှင့် စိန်ခေါ်မှုများ၊ စာရင်းလုပ်ငန်းဝန်ဆောင်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံဒေသအတွင်း မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုအခြေအနေများနှင့် နောင်အနာဂတ်တွင် ပိုမိုတိုးတက်စေရေးအစီအမံများ၊ The Global Economic Landscape and Economic Opportunities and Challenges in Myanmar ၊ အသေးစား၊ အလတ်စား စီးပွားရေးဖွံ့ဖြိုးမှုနှင့် နိုင်ငံဖွံ့ဖြိုးမှု ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က သဘာပတိအဖြစ် လည်းကောင်း။

Parallel Session III တွင် "နိုင်ငံ၏ဖွံ့ဖြိုးမှုအတွက် အခြေခံအဆောက်အအုံ၏ အခန်းကဏ္ဍ" ခေါင်းစဉ်၏အောက်တွင် စာတမ်းရှင် ခုနစ်ဦးတို့က မြန်မာနိုင်ငံတွင် ဘက်စုံပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း၊ ရေပေးဝေရေးနှင့် သန့်ရှင်းရေးအခြေခံအဆောက်အအုံနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူ့အငှားအိမ်ရာ စီမံကိန်းများက ဝင်ငွေနည်းပြည်သူများ၏ လူမှုစီးပွားရေးကို မြှင့်တင်ပေးနိုင်မှုနှင့် တိုင်းပြည်ဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်မှုဆန်းစစ်ချက်စာတမ်း၊ နိုင်ငံ၏ ဖွံ့ဖြိုးမှုအတွက် အခြေခံအဆောက်အအုံ၏ အခန်းကဏ္ဍ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှု အခန်းကဏ္ဍတွင် မြို့ပြအကျိုးပြု ဘူမိဗေဒ မြေပုံရေးဆွဲခြင်း၏ အကျိုးကျေးဇူး၊ မြန်မာနိုင်ငံ၏ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုအခြေအနေကို စိစစ်လေ့လာခြင်း (၂၀၁၃-၂၀၂၃)၊ မြန်မာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုတွင် Logistics အခန်းကဏ္ဍမှ အထောက်အကူပြု စွမ်းဆောင်နိုင်မှုအခြေအနေအား ဆန်းစစ်လေ့လာခြင်း ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက သဘာပတိအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ကြပြီး ဒုတိယနေ့ စာတမ်းဖတ်ပွဲများအား နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းနှင့် မူဝါဒဆိုင်ရာ စုံညီစာတမ်းဖတ်ပွဲကို မွန်းလွဲ ၂ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၆) ကြိမ်မြောက် အက်ခ်မက်ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေး ရန်ကုန်မြို့၌ ကျင်းပ




**နေပြည်တော် နိုဝင်ဘာ ၂၈**
ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ခရီးသွားလုပ်ငန်းဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ ပါဝင်သည့် စီအယ်လ်အမ်ဗွီ (CLMV) နှင့် အက်ခ်မက် (ACMECS) ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးများကို နိုဝင်ဘာ ၂၇ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် (၆) ကြိမ်မြောက် အက်ခ်မက် ခရီးသွားလုပ်ငန်း ဝန်ကြီးများ အစည်းအဝေးသို့ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် တက်ရောက်သည်။

**တက်ရောက်**

အစည်းအဝေးတွင် လာအိုနိုင်ငံ သတင်းအချက်အလက်၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး Ms. Darany Phommavongsa က အလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အဆိုပါအစည်းအဝေးသို့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**အတည်ပြုချက်များဆွေးနွေး**

အဆိုပါ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက တရုတ်နိုင်ငံ ကူမင်းမြို့၌ ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၇ ရက်က ကျင်းပခဲ့သည့် အက်ခ်မက်ထိပ်သီးအစည်းအဝေးမှ အက်ခ်မက်ဒေသတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါးနိုင်ငံခရီးစဉ် တစ်ခုအပါအဝင် ခရီးသွားလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရေး၊ အက်ခ်မက် ခရီးသွားလုပ်ငန်းအမှတ်တံဆိပ်အား မြန်မာနိုင်ငံမှ အသုံးပြုမှုနှင့် အဖွဲ့ဝင်နိုင်ငံများအားလုံး ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုစေရေး၊ အက်ခ်မက်ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် ၂၀၂၃-၂၀၂၅ အရ မြန်မာနိုင်ငံ ဆောင်ရွက်ထားရှိမှု၊ မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်ဝန်ဆောင်မှုလုပ်ငန်းများအတွက် SOP များ ရေးဆွဲဆောင်ရွက်မှု၊ ခရီးသွားဧည့်သည်များတွက် ဆိုက်ရောက်ဗီဇာခွင့်ပြုပေးမှု၊ အစည်းအဝေးမှ ထုတ်ပြန်သွားမည့် (၆) ကြိမ်မြောက် အက်ခ်မက် (ACMECS) ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးဥက္ကဋ္ဌ၏ သတင်းထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံမှ ထည့်သွင်းဖော်ပြစေလိုသည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံအနေဖြင့် (၆) ကြိမ်မြောက် အက်ခ်မက် (ACMECS) ခရီးသွားလုပ်ငန်း ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၏ အစည်းအဝေးဥက္ကဋ္ဌတာဝန်ထမ်းဆောင်မည့်အပေါ် အတည်ပြုချက်များကို ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် (၆) ကြိမ်မြောက် အက်ခ်မက် ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေး သတင်းစာရှင်းလင်းပွဲသို့ ပါဝင်တက်ရောက်ခဲ့ပြီး အစည်းအဝေးတက်ရောက်ကြသည့် စီအယ်လ်အမ်ဗွီနှင့် အက်ခ်မက်အဖွဲ့ဝင်နိုင်ငံများမှ ခရီးသွားလုပ်ငန်းဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်များနှင့်အတူ ယဉ်ကျေးမှုပြတိုက်၊ ဗိုလ်ချုပ်ဈေး၊ မဟာဗန္ဓုလပန်းခြံနှင့် ရွှေတိဂုံစေတီတော်မြတ်ကြီးတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စီအယ်လ်အမ်ဗွီနှင့် အက်ခ်မက် အဖွဲ့ဝင်နိုင်ငံများမှ ခရီးသွားလုပ်ငန်းဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ကိုယ်စားလှယ်များအား မြန်မာနိုင်ငံမှ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မိုးတိမ်တောင်များဖြစ်ထွန်း

**နေပြည်တော် နိုဝင်ဘာ ၂၈**
မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**



မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၃) အလက(၁)ထခွဲကျောင်း၌ ကျောင်းသား ကျောင်းသူနှင့် ဆရာ ဆရာမများအား မြို့နယ်မီးသတ်ဦးစီးမှူး ဦးငြိမ်းချမ်းအောင် ဦးဆောင်သော တပ်ဖွဲ့ဝင်များ နိုဝင်ဘာ ၂၇ ရက်က စာသင်ကျောင်းအခြေပြု မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ ရှေးဦးသူနာပြုစု နည်းစနစ်များ ရှင်းလင်းဟောပြောခြင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းများအား လက်တွေ့အသုံးပြုပြသခြင်းနှင့် မီးငြိမ်းသတ်ရေးလက်တွေ့ဇာတ်တိုက်သရုပ်ပြခြင်းများကို ဆောင်ရွက်စဉ်။ မောင်မွေး







# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ နေပြည်တော်အတွင်းရှိ ပြိုင်ပွဲများကျင်းပမည့် အားကစားကွင်း/အားကစားရုံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂၈**

၂၀၂၄ ခုနှစ်ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်အတွင်းရှိ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အားကစားပြိုင်ပွဲများကျင်းပမည့် အားကစားကွင်း/ အားကစားရုံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်တွင် အားကစားပြိုင်ပွဲများကျင်းပမည့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ရွှေကြာပင်အားကစားကွင်း/ ရွှေကြာပင်အားကစားရုံ ပျဉ်းမနားမြို့နယ်ရှိ ပေါင်းလောင်းအားကစားကွင်း၊ ဘောဂဝတီအားကစားကွင်းများအတွင်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ပြိုင်ပွဲကွင်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ကွင်းအဝင်လမ်းနှင့် နောက်ခံဆိုင်းဘုတ်ဗီနိုင်းများ အချိန်မီတပ်ဆင်ပြီးစီးနိုင်ရေး၊ ဘောလုံးကွင်းအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့် စိမ်းလန်းစိုပြည်မှုရှိစေရေး၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ သန့်ရှင်းရေးဆောင်ရွက်သွားရန်၊ ပြိုင်ပွဲကွင်းပတ်လည်တွင် အလံတိုင်များ တပ်ဆင်နိုင်ရေးနှင့် မိုဘိုင်းသန့်စင်ခန်းများ ထားရှိနိုင်ရေးအတွက် လိုအပ်သည်များကို ကြိုတင်ပြင်ဆင် ဆောင်ရွက်သွားရန် မှာကြားသည်။



ဆက်လက်၍ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ် (၂) တွင် အားကစားနှင့် ကာယပညာ(သိပ္ပံ) ကျောင်းများမှ ကျောင်းသားကျောင်းသူ ၂၆၀ တို့၏ Fitness Dance လေ့ကျင့်နေမှုနှင့် လေ့ကျင့်ရေးကွင်းအမှတ် (၁) တွင် အင်အား ၆၅ ဦးဖြင့် လေ့ကျင့်နေသည့် အလံတော် သယ်ယူရေးအဖွဲ့၏ အဖွဲ့လိုက်လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုအားပေးကာ ပြည်ထောင်စုဝန်ကြီးက ယခုကျင်းပမည့် အားကစားပွဲတော်ကြီးတွင် ပါဝင်ခွင့်ရရှိခြင်းသည် အားကစားနှင့် ကာယပညာ (သိပ္ပံ) ကျောင်းအချင်းချင်းလည်း ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ တာဝန်ခံများကလည်း မိမိတို့ကလေးများ၏ ကျန်းမာရေးကို အထူးအလေးထားဂရုစိုက်ကြရန်နှင့် လိုအပ်သည်များရှိပါက အချိန်နှင့်တစ်ပြေးညီ သတင်းပို့တင်ပြဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် တိုင်းဒေသကြီး/ပြည်နယ်ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်အားကစားသမားများကို နေ့လယ်စာကျွေးမွေးဧည့်ခံနေမှုများ သွားရောက်ကြည့်ရှု

**နေပြည်တော် နိုဝင်ဘာ ၂၈**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသား အားကစားပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး၊ တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တည်းခိုရေးစခန်းသို့ သွားရောက်ကာ အမျိုးသား အားကစားပွဲတော်တွင် ပြိုင်ပွဲဝင်ရန်ရောက်ရှိတည်းခိုနေထိုင်သည့် တိုင်းဒေသကြီး၊ ပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်အားကစားသမားများ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ဖျော်ဖြေတင်ဆက်မည့် ကျောင်းသား ကျောင်းသူများနှင့် အုပ်ချုပ်သူများအား နေ့လယ်စာ ကျွေးမွေးဧည့်ခံနေမှုများကို သွားရောက်ကြည့်ရှုသည်။ (ဓာတ်ပုံ)



ဦးစွာ ဒုတိယဝန်ကြီးသည် ပြိုင်ပွဲဝင် အားကစားသမားများ၊ အုပ်ချုပ်သူများနှင့် နည်းပြများအတွက် ပြင်ဆင်ထားသည့် စားရိပ်သာသို့ သွားရောက်ကာ ဧည့်ခံကျွေးမွေးမည့် ထမင်းနှင့် ဟင်းလျာများ ကောင်းမွန်မှုရှိစေရေးမှာကြားပြီး ပြိုင်ပွဲဝင် အားကစားသမားများ၊ အုပ်ချုပ်သူများနှင့်နည်းပြများ နေ့လယ်စာစားသုံးနေမှုများကို လှည့်လည်ကြည့်ရှု၍ ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ချက်ပြုတ်ရေးအဆောင်သို့ သွားရောက်၍ စားရိပ်သာများနှင့် ချက်ပြုတ်ရေး အဆောင်များ သန့်ရှင်းရေး ဆောင်ရွက်ထားမှု အခြေအနေများကို လှည့်လည်ကြည့်ရှုပြီး အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ပြင်ဆင်ချက်ပြုတ်ရန်၊ ချက်ပြုတ်ရေးအဖွဲ့များကို သန့်ရှင်းသပ်ရပ်စွာဝတ်စားဆင်ယင်၍ တစ်ကိုယ်ရေ သန့်ရှင်းမှုရှိအောင် ကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ကျန်းမာရေးဆပ်ကော်မတီကဖွင့်လှစ်ထားသည့် ဆေးခန်းများ၊ ဆပ်ကော်မတီရုံးခန်းနေရာများ၊ သန့်စင်ခန်းများအား ပိုးမွှားများကင်းစင်စေရန် ပိုးသတ်ဆေးဖျန်းနေမှု အခြေအနေများ၊ တည်းခိုရေးစခန်းအတွင်း အသုံးပြုမည့်ရေများ သန့်ရှင်းမှုရှိစေရန် ရေသန့်စင်စက်ကြီးဖြင့် ရေသန့်စင်နေမှု အခြေအနေများ၊ အုပ်ချုပ်ရေးအဖွဲ့များအားနေရာချထားသည့် အိပ်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**သတင်းစဉ်**

အိမ်ပြင်ပဉ္စထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# မအူပင်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကြက်ဥ၊ ဘဲဥများ ရောင်းချပေး

**မအူပင် နိုဝင်ဘာ ၂၈**

မအူပင်မြို့၌ မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် ကြက်ဥ၊ ဘဲဥများ ရောင်းချပေးခြင်းကို ယနေ့နံနက်ပိုင်းမှစတင်ကာ အမှတ်(၃) ရပ်ကွက်ကမ်းသာယာဈေးအနီးရှိ နယ်မြေမီးသတ် စခန်းရှေ့ အမှတ်(၂) ရပ်ကွက်ရှိ (၃) လမ်းဈေးနှင့် အမှတ်(၇) ရပ်ကွက်ရှိ ဗန္ဓုလပင်ဈေးအတွင်း ရောင်းချသည်။

သက်သာသောဈေးနှုန်းဖြင့် ကြက်ဥ၊ ဘဲဥများ ဒေသခံပြည်သူများ လက်ဝယ်အရောက် ရောင်းချပေးမှုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ညွှန်ကြားမှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ကဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကြက်ခြံ၊ ဘဲခြံမွေးမြူရေး လုပ်ငန်းရှင်များ၊ အရောင်းဒိုင်များပူးပေါင်း၍ ကြက်ဥတစ်လုံး ငွေကျပ် ၃၅၀ ဖြင့် အလုံး ၃၀၀၀ နှင့် ဘဲဥတစ်လုံး ငွေကျပ် ၅၀၀ ဖြင့် အလုံး ၃၀၀ ကို ပြည်သူများ လက်ဝယ်အရောက် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**



# ရေချင်းဆက် မြေချင်းဆက် ဆက်နေသော ဥယျာဉ်နှစ်ခု

တက္ကသိုလ်မြတ်သူ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ကျင်းပပြုလုပ်သည့် (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား - မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား - လာအို - မြန်မာ - ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့ပါသည်။ ထို့ပြင် နောက်နှစ်တွင် ကျင်းပမည့် ဧရာဝတီ-ကျောက်ဖရား-မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေး၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်လွှဲပြောင်းလက်ခံခဲ့ပါသည်။**

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၅ ရက်နေ့မှ ၁၀ ရက်နေ့အထိ တရုတ်နိုင်ငံခရီးစဉ်သည် (၁) နှစ်နိုင်ငံချစ်ကြည်ရေးပိုမိုတိုးတက်လာခဲ့ခြင်း၊ (၂) နှစ်နိုင်ငံအကြား အပြန်အလှန်တိုးတက်မှု ပိုမိုကြီးထွားလာစေခဲ့ခြင်း၊ (၃) နှစ်နိုင်ငံနယ်စပ်ဒေသ ငြိမ်းချမ်းတည်ငြိမ်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် အလားအလာကောင်းများရရှိခဲ့ခြင်း၊ (၄) နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ့စီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးတို့အတွက် အထောက်အကူများစွာရရှိခြင်း စသည့်ရလဒ်ကောင်းများ ပြန်လည်သယ်ဆောင်လာနိုင်ခဲ့သည်ကို တွေ့ရပါသည်။ ထို့ကြောင့် အပြန်ခရီးတွင် တိုင်းရင်းသားပြည်သူများ ဝမ်းပန်းတသာ ကြိုဆိုကြသည်ကို တွေ့မြင်ရပြီး အဖွဲ့အစည်းများ အထူးသဖြင့် ဘာသာရေးအဖွဲ့အစည်းများက ဝမ်းပန်းတသာ ဂုဏ်ယူချီးကျူးသော ကြေညာချက်များ ထုတ်ပြန်ကြသည်ကိုလည်း တွေ့ရပါသည်။

မြန်မာ-တရုတ် ခင်မင်ရင်းနှီးသော ဆက်ဆံရေး(ဝါ) နှစ်နိုင်ငံချစ်ကြည်ရေးသက်တမ်းသည် အလွန်တရာရှည်ကြာခဲ့ပါပြီ။ မြန်မာနိုင်ငံတွင် ပျူမြို့ပြနိုင်ငံများ အပြိုင်အဆိုင်ထွန်းကားခဲ့စဉ်က ပျူတို့တွင် စာပေ၊ တေးဂီတ အဆိုအက ယဉ်ကျေးမှုထွန်းကားခဲ့သည်။ ပျူတို့သည် သတ္တု၊ ပေ၊ သစ်၊ ကြေး၊ ကနုကမာ၊ ဘူးသီး(ခြောက်)၊ တိရစ္ဆာန်ဦးချိုတို့ကို အသုံးပြုပြီး ကြေး၊ ကြိုး၊ သရေ၊ လေ၊ လက်ခုပ်တူရိယာပစ္စည်းအခြေခံများဖြင့် ကြိုးတပ်တူရိယာ၊ လေမှုတ်တူရိယာ၊ စည်းဝါးတူရိယာ ၂၂ မျိုး တီထွင်ထုတ်လုပ် အသုံးပြုတီးမှုတ်နေခဲ့ပါပြီ။ တရုတ်ဧကရာဇ်က သတင်းကြားသဖြင့် တေးဂီတ အဆို၊ အကတွင် ထူးချွန်လှသော ပျူယဉ်ကျေးမှုအဖွဲ့ကို ဖိတ်ခေါ်ရန် အိမ်ရှေ့မင်းသားအား စေလွှတ်ခဲ့သည်။ အဆို၊ အတီး၊ အကပညာရှင် ၃၅ ဦးလိုက်ပါခဲ့သည်။ တေးသံများ၏ ငြိမ့်ညောင်းမှု၊ အကပညာရှင်များ၏ နွဲ့နှောင်းသွဲ့ပျောင်းသော သာယာညင်းပျောင်းသော တူရိယာသံများ၌ တရုတ်ဧကရာဇ်နှစ်မျောနေခဲ့ဖူးကြောင်း တရုတ်သမိုင်းမှတ်တမ်းများ၌ ဖော်ပြထားသည်။ ရှေးပျူခေတ်ကတည်းက မြန်မာ-တရုတ် ကောင်းမွန်သောဆက်ဆံရေး ရှိခဲ့ပြီးဖြစ်ပါသည်။

အင်းဝခေတ်တွင် မြန်မာသံတမန်တစ်ဖွဲ့ တရုတ်ပြည်သို့ သွားရောက်ခဲ့ကြောင်း ကျောက်စာတွင်ခဲ့ရပြီး တရုတ်သံရောက်မော်ကွန်းစာအုပ်၌ အခိုင်အမာတွေ့ရပါသည်။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသနိုင်ငံတစ်ခုဖြစ်ပြီး အကျယ်အဝန်း ၂၆၁၂၂၈ စတုရန်းမိုင်ရှိသည်။ မြန်မာနိုင်ငံ၏ နယ်နိမိတ်တွင် အိမ်နီးချင်းနိုင်ငံများနှင့် ထိစပ်နေသော နယ်နိမိတ်မှာ မိုင်ပေါင်း ၃၈၀၃ မိုင်ရှိသည်။ မြန်မာ-တရုတ် နယ်နိမိတ်ထိစပ်မှုက ၁၃၅၇ မိုင်ရှိသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ၁၅၂ မိုင်၊ အိန္ဒိယနှင့် ၈၅၇ မိုင်၊ ထိုင်းနိုင်ငံနှင့် ၁၃၁၄ မိုင်၊ လာအိုနိုင်ငံနှင့် ၁၂၈ မိုင် ထိစပ်လျက်ရှိသည်။

အိမ်နီးချင်းတရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ဧရိယာစတုရန်းကီလိုမီတာပေါင်း ၉၆၀၀၀၀၀ ကျယ်ဝန်းသည်။ နိုင်ငံအရှေ့ဖျားမှ အနောက်ဖျားအထိ ကီလိုမီတာ ၅၀၀၀ ရှည်လျားသည်။ နာရီဇုန် လေးဇုန်ရှိသည်။ တောင်နှင့်မြောက်အရှည်မှာ ကီလိုမီတာ ၅၅၀၀ ရှိသည်။ ပြည်နယ် ၂၂ ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ငါးခု၊ ဗဟိုကတိုက်ရိုက်အုပ်ချုပ်ကာ မြူနီစီပယ်အုပ်ချုပ်ရေးဒေသ သုံးခုရှိသည်။ မြို့တော်မှာ ပေကျင်းဖြစ်သည်။ ယနေ့ လူဦးရေသန်းပေါင်း ၁၃၆၀ ကျော်ရှိသည်။

၁၉၂၁ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် စတင်တည်ထောင်သော တရုတ်ကွန်မြူနစ်ပါတီ၏ တပ်နီတော်က မော်စီတုန်း ဥက္ကဋ္ဌအဖြစ် ဦးဆောင်ကာ မြေရှင်ပဒေသရာဇ်များ၊ အရင်းရှင်ခေါင်းပုံဖြတ်များ၊ အနောက်နိုင်ငံများကို ကျောထောက်နောက်ခံပြုထားနေသော ချန်ကေရှိတ်၏ KMT တရုတ်(ဖြူ)များ၊ ကျူးကျော်လာသော ဖက်ဆစ်ဂျပန်များကို တော်လှန်တိုက်ခိုက်ခဲ့ကာ ၁၉၄၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံခေါ် တရုတ်ပြည်သစ်ကို တည်ထောင်နိုင်ခဲ့သည်။ (ထိုတရုတ်ကွန်မြူနစ်ပါတီဥက္ကဋ္ဌ မော်စီတုန်း ဦးဆောင်သော တရုတ်ပြည်သစ်အစိုးရကို ဦးစွာအသိအမှတ်ပြုခဲ့သော နိုင်ငံမှာ မြန်မာနိုင်ငံဖြစ်ပါသည်။)

တရုတ်တော်လှန်ရေးစစ်ပွဲတွင် ရှုံးနိမ့်ပြီး အမေရိကန်စစ်သင်္ဘောများဖြင့် ထွက်ပြေးရသော ချန်ကေရှိတ်နှင့် နောက်လိုက်တစ်သန်းကျော်အား အမေရိကန်စစ်သင်္ဘောများက ယနေ့ ထိုင်ဝမ်ကျွန်းသို့ သယ်ဆောင်ပို့ပေးခဲ့သည့်အပြင် အဘက်ဘက်မှ ကူညီပံ့ပိုးကာ (ဒုတိယ)



၂-၁၁-၁၉၅၈ ရက်နေ့က တရုတ်နိုင်ငံ ပေကျင်းမြို့၌ တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်းနှင့် အာရှ-အာဖရိက စာရေးဆရာများ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

တရုတ်နိုင်ငံအဖြစ် တည်ထောင်ခြားနားစေခဲ့သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နေရာတွင် တရုတ်တစ်နိုင်ငံလုံးကို အုပ်ချုပ်နေသော မော်စီတုန်းဦးဆောင်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ဝင်ရောက်ခွင့်မပေးဘဲ ပြည်ပြေး စစ်ရှုံးချန်ကေရှိတ်၏ ထိုင်ဝမ် (တရုတ်ဖြူ) ကိုသာ ထိုနေရာ၌ ဆက်လက်ပါဝင်ခွင့်ပြုထားခဲ့သည်။ မြန်မာနိုင်ငံက တရုတ်ပြည်သစ်အစိုးရအား ကုလသမဂ္ဂဝင်ခွင့်ပြုရေးကို ဦးဆောင်ကြိုးပမ်းခဲ့သည်။ ၁၉၇၀ ပြည့်လွန်နှစ်များတွင်မှ (အမေရိကန်သမ္မတ နစ်ဆင် လက်ထက်) တရုတ်ပြည်သစ်အစိုးရကို ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ပါဝင်ခွင့်ရရှိစေခဲ့သည်။

ချန်ကေရှိတ်၏ တရုတ်စစ်ရှုံးပြည်ပြေး KMT (တရုတ်ဖြူ) တပ်များကို အမေရိကန် စီအိုင်အေက ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ကျူးဝင်နေရာချထားပေးမှုကို မြန်မာအစိုးရက ကုလသမဂ္ဂသို့တိုင်တန်းပြီး ဖယ်ထုတ်ခဲ့ရသည်။ ထိုတရုတ်ဖြူလက်ကျန် ဘိန်းလုပ်ငန်း၊ ဘိန်းဖြူလုပ်ငန်းများဖြင့် စီးပွားရှာလာသော တရုတ်ဖြူများကို မြန်မာ့တပ်မတော်က တိုက်ထုတ်ခဲ့ရသည်။ ယနေ့ထိုင်ဝမ်မှ တရုတ်ဖြူအစိုးရဆိုသည်ကို မြန်မာက အသိအမှတ်မပြု (သံတမန်မဆက်သွယ်ပါ။)

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးနောက် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ လာအို၊ ထိုင်းနိုင်ငံများနှင့် နယ်နိမိတ်တိုင်းတာ စာချုပ်ခြင်းကို လုပ်ဆောင်ခဲ့ရာ ပြည်တွင်းဝင်နှောင့်နေသည့် အမေရိကန် CIA ထောက်လှမ်းရေးအေးဂျင့်များက မြန်မာ-တရုတ် နယ်နိမိတ်စာချုပ်မချုပ်ဖြစ်အောင် နည်းမျိုးစုံဖြင့် နှောင့်ယှက်နေခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် မြန်မာ-တရုတ်နယ်နိမိတ်စာချုပ် နှစ်နိုင်ငံချစ်ကြည်ရေးစာချုပ်များ အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့ပါသည်။

ကျွန်တော်သည် စာရေးဆရာကိုယ်စားလှယ်နှင့် သတင်းစာဆရာကိုယ်စားလှယ်အဖြစ် တရုတ်နိုင်ငံသို့ ငါးခေါက်ရောက်ခဲ့ဖူးသည်။ ၁၉၅၈ ခုနှစ် နိုဝင်ဘာလက ဆိုဗီယက်ပြည်ထောင်စုအဖွဲ့ဝင်-ဥဇဘက်ကစ္စတန်နိုင်ငံ မြို့တော် တာရှ်ကင်း၌ ကျင်းပသည့် အာရှ-အာဖရိကစာရေးဆရာများ (ပထမအကြိမ်) ညီလာခံသို့ ဆရာဇေယျ ခေါင်းဆောင်သော မြန်မာစာရေးဆရာ ကိုယ်စားလှယ်အဖွဲ့တွင် ကျွန်တော်ပါဝင်ခဲ့သည်။

ညီလာခံအပြီး မော်စကို လီနင်ဂရက်(စိန့်ပီတာစဘတ်)မြို့တော်သို့ ၁၀ ရက်ခန့် လေ့လာပြီး ၂၄-၁၀-၁၉၅၈ ရက် ညက မော်စကို ကရင်မလင်နန်းတော် ဆိုဗီယက် ဆူပရင်းခန်းမ၌ ဆိုဗီယက်ဝန်ကြီးချုပ် ကရူးရှက်က ညစာတည်ခင်းသည့်ပွဲ တက်ခဲ့သည်။ တရုတ်ယဉ်ကျေးမှုဝန်ကြီး ချင်ယန်ပင်း (စာရေးဆရာကလောင်အမည် မော်ကွန်း) က အာရှ-အာဖရိက စာရေးဆရာများကို တရုတ်ပြည်သို့ လိုက်ပါလည်ပတ်လေ့လာပါရန် ဖိတ်ကြားသည်။ စာရေးဆရာသမဂ္ဂဥက္ကဋ္ဌလည်းဖြစ်သော စာရေးဆရာကြီး မော်ကွန်း၏ ဖိတ်ကြားချက်ဖြင့် အာရှ-အာဖရိက စာရေးဆရာ ၃၀ ခန့်နှင့်အတူ မြန်မာစာရေးဆရာ ဦးကြည်မြ၊ ဦးသာညွန့်နှင့် ကျွန်တော်တို့ လိုက်ပါခဲ့သည်။ ပေကျင်း၊ ရှန်ဟိုင်း၊ ဝူဟန်၊ ဟန်ကျိုး၊ ချုံချင့်၊ ကူမင်းမြို့များသို့ ရက်သတ္တနှစ်ပတ်ကြာလည်ပတ်လေ့လာခဲ့သည်။ ရောက်လေရာမြို့များမှ တရုတ်စာရေးဆရာများက ဧည့်ခံကြသည်။ ဧည့်ခံပွဲများတွင် **“တရုတ်-မြန်မာချစ်ကြည်ရေး အခွန့်ရှည်ပါစေ”** ဟူသော ဆုတောင်းသံများ မပြတ်ကြားခဲ့ရသည်။

၁၉၆၂ ခုနှစ် ဖင်လန်နိုင်ငံ ဟယ်လ်ဆင်ကီမြို့တော်၌ ကျင်းပသည့် (၅၆) ကြိမ်မြောက် ကမ္ဘာ့လူငယ်ပွဲတော်တက်ရန် မြန်မာလူငယ် ၃၀ ဦးစွာ ပေကျင်းသို့သွားရောက်ကာ တရုတ်-ရုရှားနယ်စပ်မှ ထွက်ခွာခဲ့ရာ ပွဲတော်အထူးရထားကို စောင့်ရင်း ၁၂ ရက်ကြာ ပေကျင်းတွင် လေ့လာခဲ့သည်။ မြန်မာ-တရုတ် ချစ်ကြည်ရေး အခွန့်ရှည်ပါစေဟူသောဆုတောင်းသံများ ဆက်တိုက်ကြားခဲ့ရသည်။

၁၉၉၃ ခုနှစ်တွင် အမျိုးသားညီလာခံတက်နေသည့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်ကျွန်တော်နှင့် ဟသ်ာတမြင့်ဌေး၊ ရုပ်ရှင်မှ ဒါရိုက်တာမောင်ဝဏ္ဏ၊ ပညာရေးတက္ကသိုလ်မှ ဒေါက်တာမတင်ဝင်း၊ မြဝတီမဂ္ဂဇင်း အယ်ဒီတာချုပ် ဦးမောင်လေး၊ စာပေဗိမာန်မှ စာရေးဆရာမ မနှင်းဖွေးတို့ ယူနန်စာရေးဆရာအဖွဲ့ ဖိတ်ကြားချက်အရ ရက်သတ္တနှစ်ပတ် သွားရောက်လေ့လာခဲ့သည်။ သူ့ဘက် ကိုယ့်ဘက် ချစ်ကြည်ရေးသံများ အဆက်မပြတ်ခဲ့ပေ။ ကျွန်တော်နှင့် ဟသ်ာတမြင့်ဌေးတို့က ချစ်ကြည်ရေးကဗျာများ ရေးစပ်ရွတ်ဆိုခဲ့ကြသည်။

၂၀၁၅ ခုနှစ်တွင် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းမှ စေလွှတ်၍ မြန်မာမီဒီယာသမားငါးဦးအဖွဲ့ ရှန်ဟိုင်းသို့ သွားရောက်လေ့လာရပြန်သည်။ ထိုအဖွဲ့တွင် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းမှ အမှုဆောင် ဦးထွန်း၊ ကျွန်တော်၊ ပြည်ထောင်စုသတင်းစာမှ ဦးဝင်းတင် (သီဟအောင်)၊ ရန်ကုန်မီဒီယာဂရု(ပ်)မှ ဦးဇော်ဝင်းနိုင်၊ မန္တလေးမှ သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးဌေးအောင်၊ စာရေးဆရာ အောင်စွမ်းတို့ ပါဝင်ကြသည်။ ရှန်ဟိုင်းမြို့သစ်ကို နှံ့နှံ့စပ်စပ် လေ့လာကြရသည်။

၂၀၁၈ ခုနှစ် ( ကျွန်တော်အသက် ၈၇ နှစ်)တွင် တရုတ်-မြန်မာ ချစ်ကြည်ရေးလိုလားသူအစုအဖွဲ့များကဖိတ်၍ ဦးထွန်း၊ ကျွန်တော်နှင့် ဆရာ အောင်သန့်ဇင်တို့ သွားရောက်လေ့လာရပြန်သည်။ တရုတ်နိုင်ငံသို့ ရောက်လာတိုင်း နှစ်နိုင်ငံချစ်ကြည်ရေး၊ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးစကားသံများ မပြတ်ကြားခဲ့ရပါသည်။

တရုတ်ခရီးစဉ် ငါးခေါက်တွင် သတိပြုမိသည်မှာ တရုတ်ခေါင်းဆောင်များနှင့် တရုတ်ပြည်သူတို့သည် ကြားလေသွေးမခံ၊ ပြည်ပနယ်ချဲ့သတင်းရေဒီယို၊ ရုပ်မြင်သံကြားများ လုံးဝနားမထောင်နားမယောင်ကြဘဲ ဆင်းရဲကျပ်တည်းသော တရုတ်ပြည်သူများကို ယနေ့ ကမ္ဘာ့စီးပွားအဖြစ်ထွန်းဆုံးနိုင်ငံအဆင့်ရောက်အောင် ပြိုင်တူတွန်း၍ ရွှေ့ခဲ့ကြသည်ကို တွေ့ရပါသည်။ **“တကယ်လုပ် အဟုတ်ဖြစ်ရမည်”**ဆိုသော စကားကို တိကျပြတ်သားသော ခေါင်းဆောင်မှု၊ ပြည်သူတို့၏ မတွေဝေ မယိမ်းမယိုင် ကြားလေသွေးမခံ၊ သွေးခွဲမခံ ညီညွတ်စုပေါင်းပါဝင်ကြသဖြင့် တရုတ်ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်၏ တရုတ်စီးပွားပြုပြင်ပြောင်းလဲရေး၊ တရုတ်ဆိုရှယ်လစ်ဈေးကွက်စီးပွားရေးစနစ် အောင်မြင်ပန်းဝင်ခဲ့သည်ကို နီးနီးကပ်ကပ် မြင်တွေ့ခဲ့ရသည်။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

နိုင်ငံချင်းဆက်ဆံရေး၌ အပြန်အလှန်နားလည်မှုရှိရေး၊ အပြန်အလှန်ချစ်ကြည်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးဟူသော စကားအသုံးအနှုန်းများကို သုံးလေ့ရှိကြပါသည်။ မြန်မာနှင့် တရုတ်တို့ ဆက်ဆံရေးတွင်မူ အခြားနိုင်ငံများအတွက်မသုံးဘဲ မြန်မာတို့အတွက်သာသုံးသော စကားလုံးတစ်လုံး သီးသန့်ရှိနေခဲ့သည်။ ယင်းစကားလုံးကား **"ဆွေမျိုးပေါက်ဖော်"**ဟူသော စကားလုံးဖြစ်ပေသည်။

တရုတ်တို့သည် အနုပညာဘက်တွင် ထူးချွန်ကြ၏။ တီထွင်ကြံဆမှု၌ အားသန်ကြသည်။ ဇွဲဝီရိယကောင်းကြ၏။

ကမ္ဘာပေါ်တွင် စက္ကူကို ပထမဆုံးတီထွင်ထုတ်လုပ် အသုံးပြုသူမှာ တရုတ်နိုင်ငံဖြစ်သည်။ (ရှေးအကျဆုံး တီချောင်သတင်းစာ တရုတ်တို့ထုတ်ဝေခဲ့သည်။) ပုံနှိပ်ခြင်းအတတ်ကိုလည်း တရုတ်တို့က စတင်ခဲ့သည်။ ခရီးသွားရာ၌ အရပ်မျက်နှာ မျက်စိမလည်စေရန် အသုံးပြုသည့် မြောက်အရပ်ကို အမြဲညွှန်ပြသော သံလိုက်အိမ်မြှောင် (Compass)၊ လက်နက်များပြုလုပ်ကာကွယ်ရာ၌ အဓိကကျသော ယမ်းကိုလည်း တရုတ်တို့ တီထွင်ခဲ့သည်။ သိုးမွေးမြူပြီး ပိုးထည်ထုတ်လုပ်ခြင်းအတတ်ကိုလည်း တရုတ်တို့ စတင်တီထွင်ခဲ့သည်။ ကြွေထည်၊ ကြွေပန်းကန် စသည်တို့ကိုလည်း တရုတ်တို့ တီထွင်သဖြင့် ကြွေထည်ပစ္စည်းကို အင်္ဂလိပ်ဘာသာစကား၌ China ware (တရုတ်လုပ်ကြွေထည်)ဟု သုံးနှုန်းကြသည်။

ကျွန်တော်၏ တရုတ်ပြည်ခရီးစဉ်များ၌ တွေ့ရသော အံ့သြလောက်ဖွယ် တရုတ်တို့၏ စွမ်းဆောင်မှုများကို တင်ပြပါရစေ။ ၁၉၅၈ ခုနှစ် ပထမဆုံးအခေါက်က ပေကျင်းမြို့တော်မှ ကားဖြင့်သွားရသော နေရာတွင် ဂရိတ်ဝေါ ခေါ် တရုတ်ပြည်တံတိုင်းကြီးကို တွေ့ရသည်။ တရုတ်ဧကရာဇ် ရှီဟွမ်တီလက်ထက် ပင်ပန်းခံ၊ အကုန်ကျခံ၍ တည်ဆောက်ခဲ့သော မြို့ရိုးတံတိုင်းကို ကျော်လွန်သော တိုင်းပြည်စည်းရိုးတံတိုင်းကြီးဖြစ်သည်။ တံတိုင်းကြီးကား ကျောက်အုတ်တို့ဖြင့် တည်ဆောက်ထားကာ အမြင့်ပေ ၃၀ ခန့် တံတိုင်းပေါ်မှ စင်္ကြံလမ်းသည် ၁၀ ပေသာကျယ်၏။ ဘေးတစ်ဖက်တစ်ချက်၌ သူရဲခိုကဲ့သို့ ကာရံထားကာ မိုင်ပေါင်း ၂၅၀၀ ကျော်ရှည်ပြီး တောင်တန်းများပေါ်သို့ ဖြတ်ကျော်တည်ဆောက်သည့် ကမ္ဘာ့အံ့ဖွယ်စာရင်းဝင်၏။

ဟန်ချောင်(ဟန်ကျိုး)မြို့တွင်မူ ပိုးချည်ဖြင့် ရက်လုပ်သော ပန်းချီကားလုပ်ငန်းရှိသည်။ မြန်မာနိုင်ငံမှ ဗိုလ်ချုပ်အောင်ဆန်းပုံ၊ ဗိုလ်ချုပ်ကြီးနေဝင်းပုံ၊ သမ္မတကြီး မန်းဝင်းမောင်ပုံတို့ကို ၂ ပေ x ၃ ပေ အရွယ် ပိုးဖြင့် ရက်လုပ်ထားသည်။ တောတောင်မြို့ရွာ ရှုခင်းပန်းချီများကိုလည်း အမြင့် တစ်ပေခွဲ၊ အလျား ရှစ်ပေခန့်ရှိအောင် ရက်လုပ်ထားသည်။ လက်ဝါးအရွယ်ခန့်ရှိ ကားလ်မက်စ်၊ ဖရက်ဒရစ်အိန်ဂျယ်၊ စတာလင်၊ လီနင်၊ မော်စီတုန်းတို့၏ ပုံတူပိုးပန်းချီများကို တစ်ခုလျှင် ၁၀ ဆင့်၊ တစ်ယွမ် စသည်ဖြင့် ဝယ်ယူခဲ့ဖူးပါသည်။

ပေကျင်းမှ ကားဖြင့် မိုင် ၃၀ ခန့် သွားရသော တောတောင်အရပ်၌ ရှေးခေတ်မင် မင်းဆက်ဘုရင် ၁၃ ပါး၏ သင်္ချိုင်းဂူများရှိရာ ဒေသတွင် ကြီးမားသော ရေလှောင်ကန်ကြီးကို ၁၉၅၈ ခုနှစ်က တည်ဆောက်ခဲ့သည်။ အရှည်ပေ ၂၀၀၀၊ အကျယ်ပေ ၂၅၀ ကျော်၊ အမြင့်ပေ ၉၀ ရှိ ရေလှောင်ကန်ကို အင်္ဂလန်အင်ဂျင်နီယာများက ငါးနှစ်ကြာအောင် တည်ဆောက်ရမည့် စီမံချက်ရေးဆွဲထားမှုကို တရုတ်အင်ဂျင်နီယာတို့က သုံးနှစ်ခွဲအတွင်း ပြီးအောင်ပြန်ဆွဲကြသည်။ လက်တွေ့၌ မော်စီတုန်းနှင့် တရုတ်ခေါင်းဆောင်ကြီးများ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ လာရောက်လုပ်အားပေးကြသဖြင့် ထိုရေလှောင်ကန်ကို ရက်ပေါင်း ၁၆၀ တွင် ပြီးစီးခဲ့ရာ ကုန်ကျစရိတ်ယွမ်ငွေ နှစ်ကုဋေ လျာထားသော်လည်း လူထုလုပ်အားကြောင့် ယွမ်လေးသန်းသာ ကုန်ကျခဲ့သည်။ ထိုရေလှောင်ကန်ဝန်းကျင်၌ လူအများ လာရောက်အပန်းဖြေရန် လိုအပ်သည့် ဟိုတယ်များအပါအဝင် လိုအပ်သမျှတည်ဆောက်ထားရှိသည်။ ငါးမွေးမြူရေး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးများ ၂-၇-၁၉၅၈ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။

နောက်ဆုံးအခေါက်တွင် ယိကျန်းမြို့နယ်အတွင်းရှိ ယန်စီမြစ်၏ မြစ်ကျဉ်းသုံးခုဒေသတွင် မြစ်ရေကို တားဆီးသိုလှောင်မည့် ဆည်တမံကြီးကို လေ့လာခွင့်ရခဲ့ပါသည်။ ယန်စီမြစ်သည် တရုတ်နိုင်ငံအနောက်ဖျားမှစတင်ကာ အရှေ့ဖျား အရှေ့တရုတ်ပင်လယ်တွင် စီးဝင်သည်။ ရှေးဟောင်းယဉ်ကျေးမှုထွန်းကားရာ မြစ်ဝှမ်းဖြစ်သည်။ နှစ်စဉ် ရေကြီးရေလျှံဖြစ်သည်။ ၁၀ နှစ် တစ်ကြိမ် အပျက်အစီးများပြားလှသော ရေကြီးမှုဖြစ်တတ်သည်။ ထိုနေရာတွင် ဆည်ဆောက်ပြီး မြစ်ရေကိုထိန်းချုပ်ရန် ဆည်ဆောက်မည်၊ ရေရှားပါးသောဒေသများသို့ ရေပို့လွှတ်မည်၊ လျှပ်စစ်ဓာတ်အားလည်း ထုတ်လုပ်မည်ဟု ရည်ရွယ်ကာ တရုတ်အမျိုးသားခေါင်းဆောင်ကြီး ဆွန်ယက်ဆင်က စိတ်ကူးယဉ်ခဲ့ဖူးသည်။ ငွေကြေးအကုန်အကျများ၍ မဆောက်ဖြစ်ခဲ့။ ဥက္ကဋ္ဌ မော်စီတုန်းက မြစ်ကျဉ်းသုံးဆိုင်နေရာတွင် ရောမရေအိုင်ကြီးဖြစ်လိုကြောင်း ချင်ခြင်းတပ်ခဲ့သည်။ ချူအင်လိုင်းတို့က ဖြစ်အောင်ကြိုးစားသည်။

- **ကျောက်ခေတ်မြန်မာလူသား၊ လွန်ခဲ့သော နှစ်ပေါင်းသန်း ၄၀ က မြန်မာလူတူ ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများအရ ကမ္ဘာ့လူသားအစ ပုံတောင်ပုံညာကဟု ဂုဏ်ယူဝင့်ကြွားနိုင်ကြပါသည်။ မြန်မာများ အသိရှိရှိ၊ သတိမြဲမြဲဖြင့် ဇွဲလုံ့လအရင်းခံ ညီညွတ်စည်းလုံးမှုအားများဖြင့် ကြိုးစားလိုက်ကြလျှင် တကယ်လုပ် အဟုတ်ဖြစ်နိုင်သော သဘာဝ သယံဇာတ၊ ရေမြေအရင်းအမြစ်များဖြင့် အဘယ်ကြောင့် ရွှေနိုင်ငံ မဖြစ်နိုင်ရမှာလဲဟု ပြောပါရစေ။ တကယ်လုပ် အဟုတ်ဖြစ်လာမည်။ ပြိုင်တူတွန်းလျှင် ရွှေ့လာပါလိမ့်မည်**
- **မြန်မာတို့၏ ဆွေမျိုးပေါက်ဖော် တရုတ်ပြည်ကြီး၏ ညီညွတ်မှု၊ ဇွဲရှိမှုကိုလည်းကောင်း၊ တရုတ်-မြန်မာ ထာဝရ ချစ်ကြည်ရင်းနှီးမှုကိုလည်းကောင်း နှလုံးသွင်းပြီး ကြိုးစား**

အမေရိကန်၊ အင်္ဂလန်၊ ပြင်သစ်စသည့် ကမ္ဘာ့ဖွံ့ဖြိုးပြီးနိုင်ငံကြီးများက ထိုစီမံကိန်းကြီးမှာ ကြီးလွန်းသည်။ ငွေကုန်ကြေးကျများမည်။ အောင်မြင်ဖြစ်ထွန်းရန် အလားအလာမရှိ၍ မဆောက်ရန် ဝိုင်းလှော်ကြသည်။ တရုတ်တို့က မြစ်တစ်ဖက်ကမ်းတွင် တောင်များကို လိုဏ်ခေါင်းတူးလမ်းဖောက်လာသည်။ ဆည်ဆောက်ရန် လိုအပ်သော ပစ္စည်းများသယ်ပို့ပေးခဲ့သည်။ ယန်စီမြစ်၏ မြစ်ရေစီးကြောင်းကို ပိတ်မည်၊ ရေကြောင်းလွှဲမည်၊ မြစ်ရေကို ထုထည်ကြီးမားစွာ သိုလှောင်ဖြန့်ဖြူးနိုင်သော ဆည်ကြီးဖြစ်ရန် မြစ်အောက်ခြေတွင် ကျောက်တုံးကြီးများ တန်ချိန်သန်းချီ၍ ချရမည်။ ဆည်နှင့်မလွတ်သော လူတစ်သန်းကျော်၏ အိမ်ရာများကို မြစ်တစ်ဖက်ကမ်းတောင်ကြောပေါ် ရွှေ့ဆောက်ပေးသည်။ မြစ်ရေကိုပိတ်ပြီး ဆည်ကြီးဆောက်ပြီးသောအခါ ယန်စီမြစ်သည် ဆည်ကြီး၏ အောက်ခြေတွင် မီတာ ၁၀၀ (အချို့နေရာများတွင်မီတာ၃၀၀)မြင့်တက်လာရာ ဆည်အောက်မှမြစ်ကြောင်းနှင့် ဆည်ရေမျက်နှာပြင်တို့ မီတာ ၁၀၀ ကျော်မြင့်နေသည်။

ကျွန်တော်တို့သည် ယိကျန်းမှ လူ ၃၀၀ ပါ သုံးထပ်သင်္ဘောဖြင့် ဆန်တက်ခဲ့ရာ ဆည်အခြေအရောက် မြစ်ကြောင်းသည် လမ်းဆုံးသွားတော့သည်။ သင်္ဘောကို သံမဏိအကာများ လေးဘက်လေးတန်ကာထားသည့်အခန်းတွင်းသို့ မောင်းဝင်ကာ တံခါးများ ပိတ်လိုက်သည်။ ထို့နောက် ရေများသွင်း၍ အောက်မှတွန်းတင်လိုက်သောအခါ အပေါ်သို့ မီတာ ၃၀၀ လောက်မြင့်တက်လာပြီး ဆည်ရေမျက်နှာပြင်နှင့် ညီသောနေရာတွင် ရှေ့မှ တံခါးကြီးနှစ်ချပ်ဖွင့်ကာ သင်္ဘောက ဆည်ရေပြင်ပေါ် မောင်းတက်ခဲ့သည်။ အပြန်တွင်လည်း အလားတူ သင်္ဘောရောလူပါဆင်းကြရပြီး ယန်စီမြစ်အတိုင်း အစုန်အဆန်သွားလာခုတ်မောင်းသော သင်္ဘောဟူသမျှ အဖိုးအခမယူဘဲ ဆည်ပေါ်တင်ပေးခြင်း၊ ဆည်အောက်ပြန်ချပေးခြင်းများ လုပ်ပေးသည်။ ကျွန်တော်တို့သည် နောက်တစ်နေ့ ဆည်သို့ထပ်သွားကာ ဆည်တည်ဆောက်ရေးရုံးခန်းများ၊ ပြခန်းများ လေ့လာရသည်။ နိုင်ငံကြီးများက မဖြစ်နိုင်ဘူး၊ မလုပ်နဲ့ဟု ဝိုင်းတားသည့်ကြားက တရုတ်တို့၏ တကယ်လုပ်အဟုတ်ဖြစ်ရမည်ဟူသော ကြံရည်ဖန်ရည် လုပ်ရည်ကိုင်ရည်နှင့် ဇွဲ၊ လုံ့လ၊ ဝီရိယက လက်ဖျားခါလောက်ပါပေသည်။

ကျွန်တော်၏ ပထမဆုံးအခေါက် တရုတ်ပြည်ခရီးသည် ၁၉၅၈ ခုနှစ်ကဖြစ်ရာ ယခု ၂၀၂၄ ခုနှစ်တွင် နှစ်ပေါင်း ၆၆ နှစ်ပင် ကြာခဲ့ပြီဖြစ်ပါသည်။ နောက်ဆုံး ပဉ္စမအခေါက်က ၂၀၁၈ ခုနှစ်ဖြစ်၍ ခြောက်နှစ်သာရှိပါသေးသည်။ ပထမအခေါက် အတွေ့အကြုံများကို တရုတ်မိတ်ဆွေများအား ပြန်ပြောပြသောအခါ သူတို့က အဲဒီအချိန် ကျွန်တော်တို့ကို မွေးတောင်မမွေးသေးဘူးဟု ပြောကြသည်။

မြန်မာနိုင်ငံရှိ ပျူခေတ်၏ အံ့ဖွယ်ယဉ်ကျေးမှု အနုပညာများ၊ စေတီပုထိုးများ၊ သရေခေတ္တရာခေတ်က စေတီတော်၊ ရုပ်ပွားတော်များ၊ ပုဂံခေတ်မှ ယနေ့တိုင် ကမ္ဘာက ရင်သပ်ရှုမော လာရောက်ဖူးတွေ့လေ့လာနေရသော ပန်း ၁၀ မျိုး အနုပညာ၊ ဘိလပ်မြေမပေါ်ပေါက်ခင်က အံ့မခန်းဗိသုကာလက်ရာများ၊ ကဗျာတေးဂန္ထဝင် စာပေဂီတ အနုပညာများကို ကမ္ဘာက သိမှတ်ထားကြသည်။ ရွှေတိဂုံစေတီတော်ကြီး၏ အံ့ဖွယ်များ၊ အနုပညာဗိသုကာလက်ရာများကလည်း ကမ္ဘာကို အံ့သြရင်သပ် ရှုမောဖြစ်စေပါသည်။

**ကျောက်ခေတ်မြန်မာလူသား၊ လွန်ခဲ့သော နှစ်ပေါင်းသန်း ၄၀ က မြန်မာလူတူ ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများအရ ကမ္ဘာ့လူသားအစ ပုံတောင်ပုံညာကဟု ဂုဏ်ယူဝင့်ကြွားနိုင်ကြပါသည်။ မြန်မာများ အသိရှိရှိ၊ သတိမြဲမြဲဖြင့် ဇွဲလုံ့လအရင်းခံ ညီညွတ်စည်းလုံးမှုအားများဖြင့် ကြိုးစားလိုက်ကြလျှင် တကယ်လုပ် အဟုတ်ဖြစ်နိုင်သော သဘာဝ သယံဇာတ၊ ရေမြေအရင်းအမြစ်များဖြင့် အဘယ်ကြောင့် ရွှေနိုင်ငံ မဖြစ်နိုင်ရမှာလဲဟု ပြောပါရစေ။ တကယ်လုပ် အဟုတ်ဖြစ်လာမည်။ ပြိုင်တူတွန်းလျှင် ရွှေ့လာပါလိမ့်မည်။**

မြန်မာတို့၏ ဆွေမျိုးပေါက်ဖော် တရုတ်ပြည်ကြီး၏ ညီညွတ်မှု၊ ဇွဲရှိမှုကိုလည်းကောင်း၊ တရုတ်-မြန်မာ ထာဝရချစ်ကြည်ရင်းနှီးမှုကိုလည်းကောင်း နှလုံးသွင်းပြီး ကြိုးစားလိုက်ကြပါစို့ဟု နှိုးဆော်ရင်း မြန်မာနှင့် တရုတ် နှစ်နိုင်ငံသည် ရေချင်းဆက်၊ မြေချင်းဆက်၊ တောင်ချင်းဆက်၊ လယ်မြေချင်းဆက်သကဲ့သို့ လူမျိုးချင်းလည်း ဆက်မိနေသဖြင့် ၁၉၉၃ ခုနှစ်က ကူမင်းမြို့တော်သို့ ရောက်ခဲ့စဉ် ကျွန်တော်ရေးဖွဲ့ရွတ်ဆိုခဲ့သော ဆက်နေသော ဥယျာဉ်ကြီးနှစ်ခု ကဗျာဖြင့် ဤချစ်ကြည်ရေးဆောင်းပါးကို နိဂုံးချုပ်ပါရစေ။

**ဆက်နေသောဥယျာဉ်ကြီးနှစ်ခု**

- ဇာတိချက်ကြွေ၊ မြန်မာ့မြေ၌
  ညိုရွှေ ဖြူ ဝါ၊ စိမ်း နီ ပြာလွင်
  ရောင်မျိုးဆင်လျက်၊ နွယ်ပင်ပန်းချုံ
  ပွင့်မျိုးစုံ၍၊ သင်းထုံဝေလွင်
  ပန်းဥယျာဉ်နှယ်၊ ငှါရင်ခံစား
  သွေးချင်းများတို့၊ ကယား ကချင်
  ကရင်နှင့် ရှမ်း၊ ရောပွမ်းနေကြ
  ဝ နှင့် ပလောင်၊ ပဒေါင် အာခါ
  ချင်း ဗမာလည်း၊ ဂျိမ်းဖောတွဲလျက်
  ယင်းနက် လားဟူ၊ ဘယ်သူခွဲမရ
  နာဂ ရခိုင်၊ အချစ်ပြိုင်တူ
  လီဆူ ခမီး၊ မရမာကြီး...တဲ့
  တစ်နည်းပအိုဝ်း၊ မွန်တို့ပါဝင်
  ရေတွက်လျှင်သော်၊ တစ်ရာကျော်သွား
  သုံးဆယ့်ငါးမျိုး၊ တို့အမျိုးတွေ
  စုစည်းနေတဲ့၊ တို့မြေပြည်ထောင်စု
  ထည်ဝါမှုကို၊ ဘယ်ဥယျာဉ်မှ
  ယှဉ်မရအောင်၊ လှပဖူးပွင့် သင်းထုံလျက်။
- ယူနန်ပြည်နယ်၊ အလည်တစ်ခေါက်
  ကြုံလာရောက်ရ၊ ဘယ်လောက်လှတဲ့ဥယျာဉ်လဲ
  ဒီမှာလည်းရှမ်း၊ မြန်မာရှမ်းနဲ့
  ခွဲခြမ်းမရ၊ အာခါ ဝ လည်း
  တွေ့တာပဲနော်၊ ဂျိမ်းဖောကချင်
  သွေးစပ်လျှင်မူ၊ လီဆူဟာလည်း
  အမျိုးပဲမဟုတ်လား။
- ယူနန်ဥယျာဉ်၊ ပန်းစုံလင်လှ
  ပြာလွင်ခရမ်း၊ မရမ်းနီတျာ
  ညိုဝါစိမ်းလဲ့၊ ပွင့်လှတဲ့ပန်းငုံ
  ထုံလှတဲ့ရနံ့၊ ခံ့လှတဲ့အဆင်း
  တိုင်းရင်းသားချင်း၊ ပြိုင်ဆိုင် ပိုင်-တဲ့၊ ယိ-တဲ့။
  ချစ်ကြည်ခင်မင်၊ သည်ဥယျာဉ်လည်း
  ပြိုင်လျှင်ပြိုင်သူ ရှုံးပေလိမ့်တကား။
- ယူနန်နဲ့မြန်မာ၊ အညာနဲ့အကြေ
  မြစ်တွေအစင်းစင်း၊ လယ်ကွင်းတွေ အဆောင်ဆောင်
  တောင်တွေ အတန်းတန်း၊ ပန်းတွေအရုံရုံ
  ရေစုံ မြေစုံ၊ အကုန်တစ်ဆက်တည်း
  လူမျိုးလည်းနှစ်မြေခွ၊ နေလာကြတာ ကြာပါပကော။
- လူမျိုးချင်းဆက်၊ မြေချင်းဆက်၍
  ရေဆက် တောင်ဆက်၊ မြစ်တွေဆက်ခဲ့
  ဟိုဘက်ဥယျာဉ်၊ သည်ဘက်တွင်လည်း၊ ပန်းတွေပဲပေါ့
  မခွဲမခြား၊ တစ်ဆက်တည်းလျှင်၊ ဥယျာဉ်တစ်ခု
  ပမာပြုလောက်၊ ဂုဏ်မြောက်လှတဲ့ တူညီမှု
  အစဉ်အလာ၊ နှစ်ရာထောင်ချီ
  ချစ်ကြည်ခဲ့တဲ့ တို့နှစ်ပြည်
  ဘယ်သူခွဲခွဲ၊ တို့မကွဲဘဲ
  လက်တွဲပူးပေါင်း၊ နှစ်သောင်းသိန်းချီ ချစ်ကြမည်ဟု
  နှစ်ပြည် ဓိဋ္ဌာန်ပြုလျက်တကား။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ် Ms. Noriko Takagi ကို လက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၂၈** လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ် Ms. Noriko Takagi ဦးဆောင်သောအဖွဲ့ကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ဓာတ်ပုံ)**

တွေ့ဆုံစဉ် ဝန်ကြီးဌာနနှင့် UNHCR တို့အကြားနားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးနိုင်ရေးနှင့်စပ်လျဉ်း၍ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများ၊ UNHCR ၏ နိုင်ငံခြားသားဝန်ထမ်းများ ပြည်တွင်းနေထိုင်ခွင့်၊ ပြည်ဝင်ခွင့်ဗီဇာနှင့် ပြည်တွင်းခရီးသွားလာခွင့်များအတွက် ဝန်ကြီးဌာနမှညှိနှိုင်းဆောင်ရွက်ပေးနေမှုများ၊ UNHCR မှ ရေဘေးသင့်ဒေသများတွင် လူသားချင်းစာနာမှုအကူအညီများ ပေးအပ်ခဲ့သည့်ကိစ္စများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## နေပြည်တော်အတွင်း သီးနှံစိုက်စွမ်းအား အကောင်းဆုံးမြို့နယ်များနှင့် သီးနှံအလိုက် အထွက်နှုန်းအများဆုံးထွက်ရှိသည့် တောင်သူများကို ဂုဏ်ပြုဆုချီးမြှင့်

**နေပြည်တော် နိုဝင်ဘာ ၂၈** ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း သီးနှံစိုက်စွမ်းအား အကောင်းဆုံးမြို့နယ်များနှင့် သီးနှံအလိုက် အထွက်နှုန်းအများဆုံး ထွက်ရှိသည့် တောင်သူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ နေပြည်တော်၊ ခရိုင်၊ မြို့နယ်အဆင့် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီများ၊ မျိုးစေ့ထုတ်ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ဆုရတောင်သူများ၊ မြို့နယ်များမှ တောင်သူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးက သီးနှံစိုက်စွမ်းအား၊ သီးနှံအထွက်နှုန်းများနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့်နည်းလမ်းများ၊ သီးနှံစိုက်စွမ်းအား အကောင်းဆုံးမြို့နယ်ဆုနှင့် သီးနှံအလိုက် အထွက်နှုန်းအများဆုံး ထွက်ရှိသည့် တောင်သူဆုရွေးချယ်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက သီးနှံစိုက်စွမ်းအား အကောင်းဆုံးမြို့နယ် ပထမဆုရရှိသည့် ဇေယျာသီရိမြို့နယ်၊ ဒုတိယဆု ရရှိသည့် ပျဉ်းမနားမြို့နယ်၊ တတိယဆုရရှိသည့် လယ်ဝေးမြို့နယ်၊ နှစ်သိမ့်ဆုရရှိသည့် ဇမ္ဗူသီရိမြို့နယ်များနှင့် မိုးစပါးသီးနှံအထွက်နှုန်း အများဆုံး ပထမဆုရ ဒက္ခိဏသီရိမြို့နယ် ထန်းတပင်အုပ်စုမှ တောင်သူ ဦးမောင်လွင်၊ ဒုတိယဆုရ ဒက္ခိဏသီရိမြို့နယ် ရွာမကျေးရွာအုပ်စုမှ တောင်သူ ဦးဇော်ဇော်၊ တတိယဆုရ ဇေယျာသီရိမြို့နယ် မအူတောကျေးရွာအုပ်စုမှ တောင်သူ ဦးဇော်ထွန်းဦးတို့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ **(ဓာတ်ပုံ)**

ထို့နောက် နေပြည်တော်ကောင်စီဝင်များနှင့် နေပြည်တော်စည်ပင်သာယာရေး ကော်မတီ ဒုတိယမြို့တော်ဝန်တို့က သီးနှံအလိုက် အထွက်နှုန်းအများဆုံး ထွက်ရှိသည့် တောင်သူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြရာ ဆုရတောင်သူများကိုယ်စား တောင်သူ ဦးမောင်လွင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးမင်းထွဋ် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်သို့ သွားရောက်စစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂၈** စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထွဋ်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် (ရုံးချုပ်) သို့ သွားရောက်၍ ဘဏ်လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။




ဦးစွာ ဒုတိယဝန်ကြီးသည် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်ရှိ ပြည်တွင်းဘဏ်လုပ်ငန်းဌာန၊ ငွေစုဘဏ်လုပ်ငန်းဌာန၊ ချေးငွေဌာန၊ ဘဏ်တွင်းစာရင်းစစ်ဌာန၊ ငွေရေးကြေးရေး စီမံခန့်ခွဲမှုနှင့်အဆက်အသွယ်များဌာန၊ ပို့ကုန်ဌာနနှင့် ပို့ကုန်ကုန်သွယ်မှု ချေးငွေဌာန၊ သွင်းကုန်ဌာနနှင့် သွင်းကုန် ကုန်သွယ်မှုချေးငွေဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဘဏ်အစည်းအဝေးခန်းမ၌ ဝန်ထမ်းများကိုတွေ့ဆုံ၍ ဘဏ်ဝန်ဆောင်မှုပေးရာတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့မှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ တိတိကျကျ လိုက်နာ ဆောင်ရွက်ရန်ဖြစ်ပြီး တာဝန်ရှိသူအဆင့်ဆင့်မှ တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များကို အထောက်အကူပြုစေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နည်းဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ငွေရေးကြေးရေး အဖွဲ့အစည်းဖြစ်၍ စာရင်းအင်း တိကျမှန်ကန်မှုသည် အလွန်အရေးကြီးသဖြင့် အချက်အလက်များ မှန်ကန်စေရေး အလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်သူလူထုနှင့် ထိတွေ့ဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်၍ ဆက်ဆံရေးကောင်းမွန်ရန် လိုအပ်ကြောင်း၊ ဘဏ်အနေဖြင့် စီမံကိန်းလျာထားချက်ပါအတိုင်းအောင်မြင်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း မှာကြား၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရှိရသည်။ **သတင်းစဉ်**



## ဘားအံမြို့၌ မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်

**ဘားအံ နိုဝင်ဘာ ၂၈** သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့် မီးခိုးမြူငွေ့ ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာ အသိပညာပေး သင်တန်းဖွင့်ပွဲကို ဘားအံခရိုင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးမှူးရုံး သင်တန်းခန်းမ၌ နိုဝင်ဘာ ၂၆ ရက်က ကျင်းပသည်။

သင်တန်းတွင် ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမြင့်က အမှာစကားပြောကြားပြီး မီးခိုးမြူငွေ့အန္တရာယ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ဦးဆောင်၍ ဆက်စပ်ဌာနများမှ သင်တန်းနည်းပြများက သင်ကြားပို့ချပေးပြီး သင်တန်းတွင် ကရင်ပြည်နယ်အတွင်းရှိ သဘာဝအခြေခံခရီးသွား ခရီးစဉ်ဒေသ ၁၁ ခုမှ သင်တန်းသား သင်တန်းသူ ၂၇ ဦး တက်ရောက်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

**❑ နိုင်ငံ့ ဝန်ထမ်းများအား မည်သည့် နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန် ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ဒေါ်နယ်ထရမ့်၏အစိုးရအဖွဲ့နှင့် အုပ်ချုပ်ရေးပိုင်းရွေးချယ်ခံရသူများကို ပစ်မှတ်ထားတိုက်ခိုက်မည်ဟု ခြိမ်းခြောက်မှုများ ထွက်ပေါ်

ဝါရှင်တန် နိုဝင်ဘာ ၂၈

**အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်၏ အစိုးရအဖွဲ့နှင့် အုပ်ချုပ်ရေးပိုင်းရွေးချယ်ခံရသူတော်တော်များများကို ဗုံးခြိမ်းခြောက်မှုများနှင့်သာမက တုန်လှုပ်ချောက်ချားဖွယ်ရာဖြစ်ရပ်များဖြင့်ပါ တိုက်ခိုက်ရန် ပစ်မှတ်ထားလျက်ရှိကြောင်း မစ္စတာဒေါ်နယ်ထရမ့်၏ အသွင်ကူးပြောင်းရေးအဖွဲ့က နိုဝင်ဘာ ၂၇ ရက်က ပြောကြားလိုက်သည်။**

နိုဝင်ဘာ ၂၆ ရက်ညနှင့် နိုဝင်ဘာ ၂၇ ရက် နံနက်တွင် အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်အစိုးရအဖွဲ့အတွက် အမည်စာရင်းတင်သွင်းခံရသူများနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ရာထူးခန့်အပ်ခံရသူများကို ပြင်းပြင်းထန်ထန် တိုက်ခိုက်သွားရန် ပစ်မှတ်ထားလျက်ရှိကြောင်း၊ အစိုးရအဖွဲ့နှင့်အတူရှိနေသူများကိုလည်း အသက်ခြိမ်းခြောက်မှုများ လုပ်ဆောင်လျက်ရှိကြောင်း မစ္စတာဒေါ်နယ်ထရမ့် အသွင်ကူးပြောင်းရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ကာရိုလိုင်းလီယာဗစ်တ်က ထုတ်ပြန်ကြေညာချက်တွင် ပြောကြားသည်။

အဆိုပါတိုက်ခိုက်မှုများတွင် ဗုံးဖြင့်ခြိမ်းခြောက်မှုမှသည် တုန်လှုပ်ချောက်ချားဖွယ်ရာ တိုက်ခိုက်မှုများအထိ ပါဝင်ကြောင်း၊ သို့သော်လည်း မည်သူ့ကို ပစ်မှတ်ထားတိုက်ခိုက်သွားမည်ဆိုသည့် အသေးစိတ်အချက်အလက်များကိုမူ မသိသေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါတိုက်ခိုက်မှုများတွင် မစ္စတာထရမ့်၏ အိမ်ဖြူတော်ဦးစီးအရာရှိချုပ် ဆူဇီဝိုင်းလ်၊ အမေရိကန်ရှေ့နေချုပ်အဖြစ် ဖလော်ရီဒါ ရှေ့နေချုပ်ဟောင်း ပန်ဘွန်ဒီ၊ ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီးအဖြစ် ကွန်ဂရက်အမတ် အီလိုက်စ်စတီဖာနစ်၊ စိုက်ပျိုးရေးဝန်ကြီးအဖြစ် အမေရိကန်ပထမမှုဝါဒ သိပ္ပံ၏ဥက္ကဋ္ဌ ဘရွတ်ရိုးလင်းတို့ကို ပစ်မှတ်ထားလျက်ရှိကြောင်း စီဘီအက်စ်သတင်းတွင် ဖော်ပြထားသည်။

ဆင်ဟွာ



# ပဋိပက္ခဖြစ်ပွားချိန်အတွင်း အစ္စရေးက ဟစ်ဇ်ဘိုလာကို လေကြောင်းတိုက်ခိုက်မှုပေါင်း ၁၂၅၀၀ ကြိမ် ပြုလုပ်

**ဂျေရုဆလင် နိုဝင်ဘာ ၂၈**

အစ္စရေးကာကွယ်ရေး တပ်ဖွဲ့ (အိုင်ဒီအက်ဖ်)သည် ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်ကာ လက်ဘနွန်နိုင်ငံတစ်ဝန်း ဟစ်ဇ်ဘိုလာကို ပစ်မှတ်ထား၍ လေကြောင်း တိုက်ခိုက်မှုပေါင်း ၁၂၅၀၀ ကြိမ် ပြုလုပ်ခဲ့ကြောင်း လက်ဘနွန်နိုင်ငံနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် စတင် အသက်ဝင်လာပြီးနောက် နိုဝင်ဘာ ၂၇ ရက်ထုတ်ပြန်ချက်တွင် အဆိုပါတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဒန်နီယယ်ဟာဂါရီက ပြောကြားသည်။

အပစ်အခတ် ရပ်စဲရေး သဘောတူညီချက် အသက်မဝင်မီ နာရီပိုင်းအလိုတွင် အစ္စရေးကာကွယ်ရေးတပ်ဖွဲ့က ဆီးရီးယားနယ်စပ်အနီး ဟစ်ဇ်ဘိုလာဒုံးကျည်ထုတ်လုပ်သည့် နေရာအပါအဝင် လက်ဘနွန်နိုင်ငံတစ်ဝန်း ပစ်မှတ် ၁၈၀ ခန့်ကို တိုက်ခိုက်ခဲ့ကြောင်း ဟာဂါရီက ပြောကြားသည်။ အပစ်အခတ်ရပ်စဲရေးကို တစ်စုံတစ်ရာ ချိုးဖောက်ပါက ပစ်ခတ်မှုများနှင့် တွေ့ဆုံမည်ဖြစ်ကြောင်း ၎င်းက သတိပေးထားသည်။



လက်ဘနွန်နိုင်ငံ ဘေရွတ်တောင်ပိုင်း၌ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၉ ရက်က အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် မီးခိုးများ ထွက်ပေါ်နေသည်ကို တွေ့ရစဉ်။

အစ္စရေး ကာကွယ်ရေး တပ်ဖွဲ့ဝင်များသည် လက်ဘနွန်တောင်ပိုင်း၌နေရာယူထားဆဲဖြစ်ပြီး အစ္စရေးလေတပ်မှ လေယာဉ်များကလည်း လက်ဘနွန်လေပိုင်နက်အတွင်း ဆက်လက်ပျံသန်းနေပြီး ထောက်လှမ်းရေးများကို စုဆောင်းကာ လိုအပ်သည့် မည်သည့် ကိစ္စရပ်များမဆို လုပ်ဆောင်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

# ၂၀၃၀ ပြည့်နှစ်တွင် ဗီယင်ကျန်းကို စိမ်းလန်းသော မြို့တော်ဖြစ်ရေးကြိုးပမ်း

**ဗီယင်ကျန်း နိုဝင်ဘာ ၂၈**

လာအိုနိုင်ငံ မြို့တော်ဗီယင်ကျန်းကို ၂၀၃၀ ပြည့်နှစ်တွင် ရေရှည်တည်တံ့ခိုင်မြဲသော၊ ရာသီဥတုဒဏ်ခံနိုင်သော၊ သဘာဝနှင့်လိုက်လျောညီထွေသော မြို့ပြပတ်ဝန်းကျင်ပြောင်းလဲရန် ရည်မှန်းချက်ဖြင့် ၂၀၂၃-၂၀၃၀ အတွက် စိမ်းလန်းသောမြို့တော် လုပ်ငန်းစီမံကိန်းတစ်ခုကို ဖော်ထုတ်ခဲ့သည်။

ပတ်ဝန်းကျင်ညစ်ညမ်းမှုများမြင့်တက်ခြင်း၊ ယာဉ်ကြောပိတ်ဆို့ခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်း စသည့်စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် အဆိုပါအစီအစဉ်သည် ဖန်လုံအိမ်သဘာဝဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုစနစ်တိုးတက်ရေး၊ သဘာဝအရင်းအမြစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဇီဝမျိုးစုံမျိုးကွဲများကာကွယ်ရေးများကို အာရုံစူးစိုက်လုပ်ဆောင်သွားမည်ဖြစ်သည်။

၂၀၃၀ ပြည့်နှစ်အရောက်၌ မြို့တော်ဗီယင်ကျန်းသည် ရေရှည်တည်တံ့သောစီးပွားရေးတိုးတက်မှုကို မြှင့်တင်ပေးခြင်း၊ ရာသီဥတုဒဏ်ခံနိုင်ရည်မြှင့်တင်ပေးခြင်းနှင့်ဒေသတွင်းနေထိုင်သူများအတွက် ဘဝအရည်အသွေးမြှင့်တင်ပေးခြင်းတို့ကိုဖြစ်စေမည့် တက်ကြွသော၊ တရားမျှတသော၊ သဘာဝနှင့်လိုက်လျောညီထွေသော မြို့တော်ဖြစ်လာရန် ရည်မှန်းထားသည်။ ဗီယင်ကျန်းသည် အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးလျက်ရှိသည်။

သို့သော်လည်း ယခုလို ဖွံ့ဖြိုးတိုးတက်ခြင်းက စွန့်ပစ်ပစ္စည်းများ၏ညစ်ညမ်းမှုအဆင့်ကို တိုးမြင့်စေခြင်း၊ ယာဉ်ကြောပိတ်ဆို့မှုနှင့် ယာဉ်မတော်တဆမှုများကို တိုးစေခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုများဖြစ်စေခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်းစသည်ကဲ့သို့သော စိန်ခေါ်မှုများကို ဖြစ်ပေါ်စေနိုင်သည်။

ဆင်ဟွာ

# သီရိလင်္ကာနိုင်ငံ၌ မိုးရွာသွန်းမှုနှင့်ဆက်စပ်သည့် သဘာဝဘေးကြောင့် လူပေါင်း ၃၃၅၀၀၀ ကျော် ထိခိုက်

**ကိုလံဘို နိုဝင်ဘာ ၂၈**

သီရိလင်္ကာနိုင်ငံ၌ နိုဝင်ဘာ ၂၂ ရက်မှစတင်ကာ ဆိုးရွားသည့်ရာသီဥတုအခြေအနေကြောင့် လူပေါင်း ၃၃၅၀၀၀ ကျော် ဘေးသင့်ခဲ့ကြောင်း နိုင်ငံ၏ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုစင်တာက နိုဝင်ဘာ ၂၈ ရက်တွင် ထုတ်ပြန်ထားသည်။

နိုင်ငံတစ်ဝန်း အုပ်ချုပ်ရေးခရိုင်စုစုပေါင်း ၂၅ ခု အနက် ခရိုင် ၂၃ ခုတွင် မိုးရွာသွန်းမှုနှင့်ဆက်စပ်သည့်ဘေးအန္တရာယ်ကြောင့် မိသားစု ၉၉၈၇၆ စုမှ လူ ၃၃၅၁၅၅ ဦး ထိခိုက်ခံစားခဲ့ရကြောင်း နိုင်ငံ၏ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုစင်တာက ထုတ်ပြန်သည့်နောက်ဆုံးအချက်အလက်များအရ သိရသည်။

ထို့ပြင် သီရိလင်္ကာနိုင်ငံ၌ သဘာဝဘေးကြောင့် လူ ၁၂ ဦး သေဆုံးပြီး ၁၇ ဦး ဒဏ်ရာရရှိကာ ပျောက်ဆုံးနေသူနှစ်ဦးရှိကြောင်း၊ နေအိမ် ၉၅ လုံးမှာ လုံးဝပျက်စီးသွားခဲ့ပြီး အခြားနေအိမ် ၁၇၀၈ လုံးမှာ တစ်ဝက်တစ်ပျက် ပျက်စီးသွားခဲ့ကြောင်း အဆိုပါစင်တာက ထုတ်ပြန်ထားသည်။ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် အားပြင်းသည့် လေဖိအားနည်းရပ်ဝန်းတစ်ခုမှာ သီရိလင်္ကာအရှေ့ကမ်းရိုးတန်းသို့ ပိုမိုရွေ့လျားနိုင်ဖွယ်ရှိပြီး ပိုမိုအားကောင်းကာ ဆိုင်ကလုန်းမုန်တိုင်းတစ်ခုအဖြစ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသဌာနက နိုဝင်ဘာ ၂၈ ရက်တွင် ထုတ်ပြန်ထားသည်။

ဆင်ဟွာ

# ယူဂန္ဓာနိုင်ငံအရှေ့ပိုင်း၌ မြေပြိုမှုဖြစ်ပွားသဖြင့် ကိုးဦးသေဆုံး၊ ၄၀ ဒဏ်ရာရရှိ

**ကန်ပါလာ နိုဝင်ဘာ ၂၈**

ယူဂန္ဓာနိုင်ငံ အရှေ့ပိုင်း ဘူလမ်ဘူလီခရိုင်၌ မြေပြိုမှုဖြစ်ပွားခဲ့ရာ သေဆုံးသူ ကိုးဦးရှိပြီး နောက်ထပ်သေဆုံးသူ ထပ်တိုးလာနိုင်ကြောင်း အာဏာပိုင်တစ်ဦးက နိုဝင်ဘာ ၂၈ ရက်တွင် ပြောကြားသည်။

နိုဝင်ဘာ ၂၇ ရက် ညပိုင်းက ခရိုင်ခွဲသုံးခု၌ မြေပြိုမှုဖြစ်ပွားခဲ့သဖြင့် နေအိမ် ၄၀ ခန့် နစ်မြုပ်သွားခဲ့ကြောင်း ဘူလမ်ဘူလီခရိုင်၏ လက်ထောက်အုပ်ချုပ်ရေးမှူး ရာမန်ဇန် တဝယ်လာက ပြောကြားသည်။ ယခုအချိန်တွင် သေဆုံးသူ ကိုးဦးကို ပြန်လည်တွေ့ရှိခဲ့ကြောင်း၊ ဒေသခံများကလည်း သေဆုံးသူများကို ရှာဖွေရန်အတွက် မြေကြီးကို တူးဖော်နေကြောင်း၊ နေအိမ်အများအပြား နစ်မြုပ်သွားသောကြောင့် နောက်ထပ် သေဆုံးသူအရေအတွက်မှာ တိုးလာနိုင်ဖွယ်ရှိကြောင်း ၎င်းက ပြောသည်။

ယူဂန္ဓာနိုင်ငံ အစိုးရအနေဖြင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များကို စေလွှတ်ပြီး အစားအစာများနှင့် ယာယီအမိုးအကာ ကဲ့သို့သော လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ပေးပို့မည်ဟု မျှော်လင့်မိကြောင်း ၎င်းက ဆက်ပြောသည်။

ယူဂန္ဓာနိုင်ငံ တောင်တန်းဒေသများ၌ မကြာသေးမီက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဆင်ဟွာ



# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**ရန်ကုန် နိုဝင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia အား ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး သံတမန်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရန်ကုန်တိုင်းဒေသကြီးရှိ စက်မှုဇုန် ၂၉ ဇုန်နှင့် သီလဝါအထူးစီးပွားရေးဇုန်တို့တွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်ရေးကဏ္ဍ၊ ခရီးသွားလာရေးကဏ္ဍ၊ ဘာသာရေးနှင့် ယဉ်ကျေးမှုကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊လန်ချန်း - မဲခေါင်ကဏ္ဍ၊ ရန်ကုန် - ယူနန် ဆက်ဆံရေးကဏ္ဍ၊ တရုတ်- မြန်မာ ညီအစ်မမြို့တော်ထူထောင်ခြင်းကဏ္ဍများ အပြင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုများ၊ ယခုနှစ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ သံတမန် ချစ်ကြည်ရေးထူထောင်သည့် (၇၄) နှစ်မြောက်ဖြစ်ကြောင်းနှင့် လာမည့်နှစ်တွင် (၇၅) နှစ်မြောက် စိန်ရတုရောက်ရှိတော့မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုများဖြင့် ပူးပေါင်းဆောင်ရွက်နိုင်မှုများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြပြီး အပြန်အလှန် လက်ဆောင်ပစ္စည်းများ ပေးအပ်ကြကာ စုပေါင်းမှတ်တမ်းဓာတ်ပုံများ ရိုက်ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီရုံး၏ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းကွင်းဆင်းအဖွဲ့ခေါင်းဆောင် Ms.Cherine Pollini နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**ဘားအံ နိုဝင်ဘာ ၂၈**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းက အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (International Committee of the Red Cross-ICRC) ရုံး၏ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းကွင်းဆင်းအဖွဲ့ ခေါင်းဆောင် Ms. Cherine Pollini နှင့်အဖွဲ့အား ပြည်နယ်အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (International Committee of the Red Cross-ICRC) ရုံး၏ မြန်မာနိုင်ငံအရှေ့တောင်ပိုင်း ကွင်းဆင်းအဖွဲ့ခေါင်းဆောင် Ms.Cherine Pollini က ICRC ၏ အခြေခံမူနှင့် ကရင်ပြည်နယ်အတွင်း ဘေးဒုက္ခရောက်သူများအား ကူညီထောက်ပံ့ပေးခြင်း၊ အကာအကွယ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများ၊ လိုအပ်ချက်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ယနေ့ မွန်းလွဲပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည့် ကရင်ပြည်နယ် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီ (၅/၂၀၂၄) လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။ အစည်းအဝေးတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကျော်မြင့်က ဗဟိုသန်းခေါင်စာရင်းကော်မရှင်မှပေးပို့သည့် ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဗဟိုသန်းခေါင်စာရင်းကော်မရှင်သို့ ပြီးစီးမှုတင်ပြချက်၊ ကောက်ယူပြီးစီးမှုရာနှုန်း (၃) မျိုး၊ ကောက်ယူပြီးစီးမှုအရ လူဦးရေဆိုင်ရာ တင်ပြချက်၊ ကောက်ယူရန်ကျန် ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာစာရင်းတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်၊ ခရိုင်၊ မြို့နယ်သန်းခေါင်စာရင်း ကော်မတီများ၊ စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များသို့ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြုအားကစားအဖွဲ့အား ငွေကျပ် ၂၆၈ ဒသမ ၇၅၂ သန်း ထောက်ပံ့ပေးအပ်



**ပဲခူး နိုဝင်ဘာ ၂၈**

၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသား အားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု အားကစားအဖွဲ့အား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ငွေကျပ် ၂၆၈ ဒသမ ၇၅၂ သန်း ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့က ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီး ကိုယ်စားပြု အားကစား မောင်/မယ်များအား အောင်မြင်မှုဆုတံဆိပ်များရရှိအောင် စွမ်းဆောင်နိုင်ရန်အတွက် စိတ်ဓာတ်ခွန်အား ပေးသည့် အခမ်းအနားဖြစ်ကြောင်း၊ မိမိတို့ယှဉ်ပြိုင်ရမည့် အားကစားနည်းအလိုက် အောင်နိုင်လိုစိတ်များ ပြင်းပြနေရန်လိုအပ်ပြီး နိုင်ငံ့ဂုဏ်ဆောင် မျိုးဆက်သစ် အားကစားသမားများဖြစ်လာစေရေး အစွမ်းကုန်ကြိုးစားသွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု အားကစားအဖွဲ့အား အောင်နိုင်ရေးအလံနှင့် ထောက်ပံ့ငွေကျပ် ၂၆၈ ဒသမ ၇၅၂ သန်း ထောက်ပံ့ပေးအပ်ခဲ့ရာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးတို့က လက်ခံရယူခဲ့ကြသည်။

၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသား အားကစားပွဲတော်၌ ပဲခူးတိုင်းဒေသကြီးမှ အားကစားနည်း ၂၄ မျိုးတွင် အားကစားသမား ၅၇၆ ဦးအား နည်းပြအုပ်ချုပ်သူ ၁၂၀ ဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

---

*✳ ကျောဖုံးမှ*

ဖြစ်သော်လည်း မထင်မှတ်ဘဲ အရေးနိမ့်ခဲ့သဖြင့် ချန်ပီယံဆုရယူနိုင်မည့် အခွင့်အရေး နောက်ဆုံးအချိန်မှ လက်လွတ်ခဲ့ရသည်။ ထို့ကြောင့် Chinland အသင်းက အမှတ်ပေး ချန်ပီယံဆု ရယူကာ MNL သို့ တစ်ကျော့ပြန် တန်းတက်နိုင်ခဲ့သည်။ တက္ကသိုလ်အသင်းသည် ချန်ပီယံမျှော်လင့်ချက်မရှိသော်လည်း ယခုပွဲ အနိုင်ရသဖြင့် ဒုတိယနေရာ ရရှိခဲ့သည်။ တက္ကသိုလ်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၄၅+၁ မိနစ်တွင် အောင်မြင့်မြတ်က သွင်းယူခဲ့သည်။

တက္ကသိုလ်အသင်းနှင့် ရာမညယူနိုက်တက်အသင်းပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ ၁၈ ဂိုးဖြင့် သွင်းဂိုးအများဆုံးရ ဇော်ဇော်ထိုက် (တက္ကသိုလ်) အသင်းကို ဆုတံဆိပ်နှင့် ဆုကြေး ကျပ်ငါးသိန်း၊ တတိယဆုရ ရာမညယူနိုက်တက်အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေး ကျပ်သိန်း ၁၀၀၊ ဒုတိယဆုရသည့် တက္ကသိုလ်အသင်းကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေးကျပ်သိန်း ၁၅၀၊ ပထမဆုရရှိသည့် Chinland အသင်းကို တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးကျပ်သိန်း ၂၀၀ နှင့် ချန်ပီယံဆုဖလားတို့ ပေးအပ်ချီးမြှင့်သည်။

ရဲရင့်လွင်

ဓာတ်ပုံ-MNL

---

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# “ဘဝခရီးသွား လူငယ်များသို့ ” စာအုပ်က ကျွန်တော့်ရဲ့ ဘဝအတွေ့အကြုံကို လူငယ်တွေသိအောင်၊ သူတို့အတွက် အကျိုးရှိအောင်ရည်ရွယ်ပြီး ရေးသားခဲ့တာဖြစ်ပါတယ်

**ကပ္ပတိန်သာစိန်**

**ရန်ကုန် နိုဝင်ဘာ ၂၈**


ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၂၃ ခုနှစ်အတွင်း ပထမအကြိမ်ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခံရသော စာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို ထုတ်ပြန်ကြေညာခဲ့ရာ ဆုရရှိသူများအား တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်။

**ဘာသာရပ် – လူငယ်**

**စာရေးသူ – ကပ္ပတိန်သာစိန်**

**စာအုပ်အမည် – ဘဝခရီးသွား လူငယ်များသို့**






ဒီစာအုပ်ကတော့ လူငယ်လေးတွေပေါ့လေ။ လူငယ်လေးတွေဆိုတာ ဘဝကိုခရီးသွားဖို့အတွက် ကိုယ့်ဘဝကိုယ်ရှန်းကန်မယ်၊ လှုပ်ရှားမယ်ဆိုတဲ့ လူငယ်ဟူသမျှဟာ ဘဝခရီးသွားတွေလို့ကျွန်တော်က သတ်မှတ်တယ်။ ဘဝခရီးသွားဆိုတဲ့ အဲဒီလူငယ်တွေဟာ လှုပ်ရှားသွားလာတဲ့အခါမှာ သူတို့အတွက် အထောက်အကူဖြစ်အောင်လို့ ဘာတွေလုပ်သင့်တယ်၊ ဘယ်လိုစနစ်တကျ ပလန် (Plan) ဆွဲသင့်တယ်ဆိုတဲ့ဟာလေးတွေကို ထုတ်နုတ်ပြီး ရေးသားထားတာဖြစ်ပါတယ်။

ကျွန်တော်တို့တွေဟာ ဒီအရပ်ကနေ ဟိုအရပ်ကို သွားမယ်ဆိုလို့ရှိရင် ဘယ်လမ်းကနေ သွားမလဲဆိုတဲ့ပုံစံမျိုးပေါ့။ သင်္ဘောသားနဲ့ပတ်သက်လို့ ကျွန်တော်က အနီးစပ်ဆုံးဥပမာပေးပြီး ပြောထားတယ်။ သင်္ဘောတစ်စင်းဟာ အရှေ့အရပ်ကနေ အနောက်အရပ်မှာရှိတဲ့မြို့ကို သွားမယ်ဆိုရင် လမ်းကြောင်းရှာရတယ်။ လမ်းကြောင်းတစ်ခု ဆွဲရတယ်။ အဲဒီလမ်းကြောင်းအတိုင်း ကျွန်တော်တို့က သွားရတယ်။ ဒါက သင်္ဘောဥပမာပေါ့။ ဒါပေမယ့် အဲဒီသင်္ဘောက ကိုယ်ရောက်ချင်တဲ့အချိန် ရောက်ချင်မှရောက်မယ်။ ရေစီးကြမ်းတာ၊ လေတိုက်တာ၊ မုန်တိုင်းတွေဖြစ်တာ၊ အခက်အခဲတွေရှိတာတွေကို ကြုံရရင် မနည်းထိန်းသိမ်းပြီးတော့သွားမှ ကိုယ်လိုချင်တဲ့ခရီးကိုရောက်မယ်။ အဲဒီလိုပဲ ဘဝကို စတင်ပြီးရုန်းကန်မယ့် လူငယ်တွေဘဝမှာလည်း ကိုယ်ဘာဖြစ်ချင်တာလဲဆိုတာကို လမ်းကြောင်းဆွဲရမယ်။ အဲဒီလမ်းကြောင်းအတိုင်း သွားတဲ့အခါမှာ ကြုံတွေ့ရတဲ့အခက်အခဲတွေကို ရင်ဆိုင်ကျော်လွှားပြီး လိုရာခရီးကိုရောက်အောင် သွားနိုင်ဖို့ ရည်ရွယ်ပြီး ရေးသားထားတာဖြစ်ပါတယ်။ လိုရာခရီးရောက်အောင် သွားနိုင်ဖို့ဆိုပြီး ဒီစာအုပ်ဖြစ်လာတာပါ။ ဒီစာအုပ်ဖြစ်လာဖို့က ခြောက်လ၊ တစ်နှစ်လောက် ကြာပါတယ်။

ကိုယ်တိုင်ကြုံတွေ့ရတဲ့ အဖြစ်အပျက်တွေကို “ဒီဘဝခရီးသွား လူငယ်များသို့” ဆိုတဲ့ စာအုပ်မှာ တင်ပြထားပါတယ်။ လူကြီးဆိုတာလည်း လူငယ်ဘဝက တက်လာတာဖြစ်လို့ သူ့မှာလည်း အခက်အခဲတွေ အများကြီး ကြုံတွေ့ခဲ့ရတဲ့ အကြောင်းကို လူငယ်တွေကို ပြောပြတဲ့ သဘောပါ။ ဥပမာအားဖြင့် ကျွန်တော့် ဘဝဆိုရင်လည်း ရေတပ်က ဗိုလ်မှူးဘဝ၊ နောက် သင်္ဘောကပ္ပတိန်ဘဝ၊ နောက် တစ်ခါ လွှတ်တော်ကိုယ်စားလှယ်ဘဝ၊ စာရေးဆရာဘဝ စသည်အားဖြင့် အဲဒီဘဝတွေမှာ ဘယ်လိုကြုံခဲ့ရတယ်၊ အခက်အခဲတွေကို ဘယ်လိုကျော်လွှားခဲ့ရတယ်ဆိုတာတွေကို လက်တွေ့ဆန်အောင် ရေးသားထားတာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ဘဝအတွေ့အကြုံကို လူငယ်တွေသိအောင်၊ သူတို့အတွက် အကျိုးရှိအောင် ရည်ရွယ်ပြီး ရေးသားခဲ့တာဖြစ်ပါတယ်။

ကျွန်တော်က အခုအသက် ၈၇ နှစ်ရှိပါပြီ။ ဒီအသက်အရွယ်ရောက်ခါမှ ဆုတွေဘာတွေရတယ်ဆိုတော့ ဝမ်းသာပါတယ်။ ကျွန်တော်က စာအုပ် ၄၀ လောက် ထုတ်ထားပြီးဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်မပြိုင်ပါဘူး။ အခုဟာက မိတ်ဆွေတွေက ပြိုင်မယ့်အထဲမှာ ထည့်ပေးလို့ ဆုရတာပါ။ အထူးဝမ်းသာတယ်။ ကျွန်တော် စာပေလောကထဲကို ၁၉၉၀ ပြည့်နှစ်မှာ “သင်္ဘောသား မိတ်ဆက်” ဆိုတဲ့ စာအုပ်နဲ့ စတင်ကျင်လည်လာခဲ့တာပါ။ အခုလိုဆုရတဲ့အတွက်လည်း ဝမ်းသာပါတယ်။ နောက်ပြီး စာပေနဲ့ပတ်သက်လို့ တတ်နိုင်သမျှ ဆက်လက်ပြီး လုပ်ဆောင်နေပါတယ်။

**ဘာသာရပ် – ရည်ညွှန်း**

**စာရေးသူ – သုတေသီမောင်မောင်**

**စာအုပ်အမည် – မဟာဂီတပေါင်းချုပ် စွယ်စုံကျမ်း**



ကျွန်တော် ငယ်စဉ်ကပင် သီချင်းဆိုဝါသနာပါခဲ့တာ ၁-၆-၁၉၆၂နေ့ ပဥ္စမတန်းအောင်မြင်လို့ အဘွားဖြစ်သူ ဒေါ်ငွေရင်က ဓာတ်စက်နဲ့ မလှရွှေရဲ့ စန္ဒကိန္နရီဓာတ်ပြား၊ ပေသစ်ရဲ့ ဖိုးသာအောင်ဓာတ်ပြား၊ ကိုစိုးအောင်ရဲ့ ဝသာခါ+ ကိုစိုးအောင် ရီရီဝေ၊ ဟာဝေရဲ့ ရွှေပိုးဝေဝေဓာတ်ပြားတို့ကို ဆုအဖြစ်ပေးအပ်ခဲ့တယ်။ စန္ဒကိန္နရီဓာတ်ပြားရဲ့ ကက်တလောက် နံပါတ်ကို စိတ်ဝင်စားလို့ ခေတ်ဟောင်းဓာတ်ပြား စာရင်းကို စတင်ပြုစုခြင်းနဲ့ ဓာတ်ပြားဟောင်းတွေ စုဆောင်းခြင်းတို့ကို စတင်ဆောင်ရွက်ခဲ့တယ်။ ယနေ့ထိလည်း ဆောင်ရွက်ဆဲဖြစ်ပါတယ်။ မြန်မာ့အသံရေဒီယိုသာမက အော် အိန္ဒိယရေဒီယိုကိုပါ စတုတ္ထကျောင်းသားဘဝကတည်းက မလွတ်တမ်း နားထောင်ခဲ့လို့ ခေတ်ဟောင်းသီချင်းအားလုံးကို အလွတ်ရခဲ့ပါတယ်။ အဌမတန်းရောက်တဲ့အခါ လက်ရေးသီချင်းစာအုပ်ကြီးကို စတင်ရေးသားခဲ့ပြီး ၁၉၆၈ ခု မော်လမြိုင်ကောလိပ်ကို စတင်တက်ရောက်ရတဲ့အခါ အဲဒီလက်ရေးခေတ်ဟောင်းသီချင်း စာအုပ်ကြီးဟာ မော်လမြိုင်ကောလိပ်ကျောင်းအုပ်ကြီး ဦးလှရွှေ ထံ ရောက်ရှိသွားခဲ့တယ်။ ကျောင်းအုပ်ကြီးက အဲဒီလက်ရေးသီချင်းစာအုပ်ကြီးကို လက်နှိပ်စက်ရိုက်ပြီး မော်လမြိုင်ကောလိပ် စာကြည့်တိုက်မှာ ထားရှိပေးခဲ့ပါတယ်။

ကျောင်းအုပ်ကြီးက မဟာဂီတကျမ်းများမှ ဟတ်ကာများကောက်ယူဖို့ တာဝန်ပေးခဲ့ရာ အဲဒီလုပ်ငန်းကို ၁၉၆၈ ခုနှစ်မှ ယနေ့ထိ ဆောင်ရွက်ဆဲဖြစ်ပါတယ်။ အဲဒီအချိန်က ဟတ်ကာများနဲ့ ရှားပါးတဲ့ ဓာတ်ပြားသွင်းထားတဲ့




မဟာဂီတစာသားတွေကိုသာ စုဆောင်းခြင်း ဖြစ်ပါတယ်။

၂၀၂၂ ခုနှစ်မှာ ပုံနှိပ်ထုတ်ဝေခဲ့တဲ့ ခေတ်ဟောင်းဓာတ်ပြားသီချင်း ပေါင်းချုပ်ကြီးအတွက် ၃-၇-၂၀၂၁ နေ့မှာ တစ်သက်တာ အမျိုးသားစာပေဆုရှင် ဆရာကြီး ဦးထွန်းရီထံမှ အမှာစာတောင်းခံခဲ့တဲ့အခါ ဆရာကြီးက မဟာဂီတစာအုပ်ထုတ်ဖို့ တိုက်တွန်းလို့ ၁၉၆၈ ခုနှစ်က ပြုစုခဲ့တဲ့ မဟာဂီတမာတိကာရှိပြီးဖြစ်လို့ သီချင်းစာသားတွေ စုဆောင်းထုတ်ဝေမယ်လို့ ကတိပေးခဲ့ပါတယ်။ ငယ်စဉ်ကတည်းက ကိုယ်ပိုင်စုဆောင်းထားတဲ့ မဟာဂီတကျမ်းများမှ သီချင်းစာသားတွေကို စိစစ်ရွေးချယ်ခဲ့ပါတယ်။ မဟာဂီတကျမ်းတွေအပြင် ဓာတ်ပြားတွေ၊ ပေပုရပိုက်တွေ၊ ပညာရှင်ကြီးတွေ ထိန်းသိမ်းထားတဲ့ သီချင်းတွေပါ ရယူခဲ့ပါတယ်။ စာအုပ်အဖုံးမှာ ရည်ညွှန်းကိုးကားတဲ့ စာအုပ်တွေ၊ ပေပုရပိုက်တွေ၊ ဓာတ်ပြားတွေကို ဖော်ပြထားပါတယ်။

မဟာဂီတမှာ ကြိုး၊ ဘွဲ့၊ သီချင်းခံ၊ ပတ်ပျိုး၊ ယိုးဒယား၊ မွန်၊ လေးထွေသံကတ်၊ ပြင်းခင်း၊ လောကနတ်သံ၊ ဒိန်းသံ၊ ကရင်ဩသံ၊ သိင်္ဂါသံ၊ ဘောလယ်ဟူသော ကဏ္ဍ ၁၃ ရပ်ကို ဖော်ပြထားပါတယ်။ အဲဒီကဏ္ဍ ၁၃ ရပ်အတွက် အမျိုးအစားခွဲခြားဖို့ ရှေ့ပိုင်းမှာ ဆရာကြီး စန္ဒရားဦးရည်နွယ်ထံမှ နည်းခံခဲ့ပြီး နောက်ပိုင်းမှာ မဟာဂီတဆရာကြီး ဦးစိန်ဝင်း (မြစတင်း၊ မြန်မာ့အသံသီချင်းကြီးစိစစ်ရေး ဘုတ်အဖွဲ့အတွင်းရေးမှူး) ထံ ဆက်လက်နည်းခံခဲ့ပါတယ်။ ကဏ္ဍ ၁၃ ရပ်ဝင် ကြိုး၊ ဘွဲ့၊ သီချင်းခံ၊ ပတ်ပျိုးစတဲ့ သီချင်းတွေမှာ မဟာဂီတကျမ်းအသီးသီးမှာ ပါရှိပြီးဖြစ်ပေမယ့် မိုးဒေဝါ၊ တေဘုမ္မာ၊ ဥဩသံအေး စတဲ့နောက်ရေးမဟာဂီတတွေ၊ သံဆန်းတွေ၊ ပဒေသာတွေမှာ စုစည်းထားခြင်းမရှိတဲ့အတွက် ဆက်လက်ပြုစုရပါတယ်။ အဲဒီနောက် မဟာဂီတာသားများရဲ့အနက်နဲ့ အဓိပ္ပာယ်များမှာ တိမ်မြုပ်နေတဲ့အတွက် ဖော်ထုတ်ရပြန်ပါတယ်။

ပေါ်ရာဏ ဝေါဟာရတို့ကို ဖော်ထုတ်ရာမှာ လုံးကောက် အဓိပ္ပာယ်တွေနဲ့ မလုံလောက်ကြောင်းတွေ့ရလို့ မှတ်စုအတို၊ မှတ်စုရှည်တွေ ရေးရပြန်ပါတယ်။ မှတ်စုတွေနဲ့လည်း မဟာဂီတအရသာကို လုံလောက်စွာ ခံစားနိုင်တာမရှိတဲ့အတွက် ဆိုင်ရာဇာတ်ထုပ်တွေကို ရေးရပြန်ပါတယ်။ အဲဒီသုတေသနဟာ ၃-၇-၂၀၂၂ နေ့မှာပြီးစီးခဲ့လို့ ဆရာကြီး ဦးထွန်းရီထံ ပြန်လည်တင်ပြပါတယ်။ တစ်နှစ်လောက်ထပ်အချိန်ယူပြီး အကောင်းဆုံးလုပ်ပါဟု တိုက်တွန်းပြောကြားပါတယ်။ အခုလို ဆုရတဲ့အတွက် ဝမ်းသာမိပါတယ်။

**အာကာလင်း၊ ဓာတ်ပုံ–တင်စိုး**



မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်

❂ *ကျောဖုံးမှ*

“နိုင်ငံတော် အရန်ဆန်လို ပို့ကုန်အခြေပြု အရန်ဆန်စနစ်ဆိုပြီး လုပ်ထားပါတယ်။ ပို့ကုန်အခြေပြုဆိုတာ ပို့ကုန်လုပ်ငန်းရှင်တွေရဲ့ပါဝင်မှု၊ Exporter တွေရဲ့ပါဝင်မှုနဲ့ဆောင်ရွက်ထားပါတယ်။ အဲဒီတော့ Export တစ်တန်ပိုတိုင်း ပိုတိုင်းမှာ ဆန်တစ်အိတ်၊ ဒါကတော့ ဆန်စပါးစင်တာမှာရှိတဲ့ Exporter တွေရဲ့ ပူးပေါင်းမှုနဲ့ ဆောင်ရွက်ထားပါတယ်။ အဲဒီအစီအစဉ်က ဆန်အိတ် ရှစ်သိန်းလောက် ရှိပါတယ်။ ဧည့်မထကိုပဲ အဓိကထားတယ်။ ဧည့်မထ ၁၅မှတ်အဆင့်။ ဧည့်မထမှာ အုပ်စုနဲ့ရှိတယ်။ ပြည်တွင်းမှာတော့ အခြေခံ ပြည်သူတွေကတော့ စားလို့ရပါတယ်။ ၁၅ မှတ်အဆင့်ဖြစ်တဲ့အတွက် ဆန်ရည်ဆန်သွားလည်း ကောင်းပါတယ်။ သင့်တင့်မျှတပါတယ်” ဟု ပြောသည်။

ယင်းကဲ့သို့ ဆန်အိတ် ရှစ်သိန်းရှိသည့်အတွက် လိုအပ်ချက်ရှိပါက ပရဟိတအသင်းအဖွဲ့ဖြစ်စေ၊ လူမှုရေးအသင်းအဖွဲ့များဖြစ်စေ၊ စက်ရုံအလုပ်ရုံများမှဖြစ်စေ လိုအပ်ချက်ရှိပါက ရောင်းပေးမည်ဖြစ်ကြောင်းလည်း ၎င်းကပြောကြားသည်။ ပို့ကုန်အခြေပြု အရန်ဆန်စနစ်အပြင် လက်ရှိတွင်လည်း ရွှေဘိုပေါ်ဆန်း၊ ရေဝတီပေါ်ဆန်းတို့ကိုလည်း အိမ်အရောက်ပို့စနစ်ဖြင့် ရောင်းချပေးခြင်းရှိကြောင်းလည်း သိရသည်။

“ကျွန်တော်တို့ ဆန်ဖြန့်ဖြူးရောင်းချတာကလည်း အမှန်တကယ်တော့ ဆန်စပါးအသင်းချုပ်က စီးပွားရေးလုပ်တဲ့ အဖွဲ့အစည်းတော့ မဟုတ်ပါဘူး။ ဒါပေမယ့် လက်ရှိအခြေအနေအရ ဈေးကွက်လိုအပ်ချက်ကြောင့် အထူးသဖြင့် စက်မှုဇုန်တွေ၊ ကုမ္ပဏီတွေရဲ့ဝန်ထမ်းတွေ၊ စက်ရုံအလုပ်ရုံတွေရဲ့ ဝန်ထမ်းတွေ၊ အခြေခံပြည်သူတွေရဲ့ လိုအပ်ချက်တွေရှိလာရင် ဒီအရန်ဆန်ထဲကနေထုတ်ပြီးတော့ ရောင်းပေးမှာပါ” ဟု ဦးရဲမင်းအောင်က ပြောသည်။ **MT**

စက်ရုံလွှင့်ထုတ် လေညစ်ပုပ် တောတွင်းသစ်ပင် အကုန်စုပ် တို့တွေရှူသွင်း လေသန့်ရှင်း မခြွင်းရမှာ တောကသာ

# မော်လမြိုင်မြို့၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

**မော်လမြိုင် နိုဝင်ဘာ ၂၈**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အခမ်းအနားကို နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းက ကျင်းပရာ ဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးညီညီစိုး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်၊ စီးပွားရေးရာဝန်ကြီး နိုင်လယိတမနှင့် လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်တို့က "စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်" မုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်တွင် ကျောင်းသား ကျောင်းသူများ စာပေဖတ်ရှုနေမှု၊ မြန်မာ့သိုင်း၊ Fitness Dance နှင့် တိုက်ကွမ်ဒိုသရုပ်ပြသ



နေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးကာ ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ပြီး စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စကားရည်လုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ကျောင်းသား ကျောင်းသူများမှ ဖတ်ရှိန်မြှင့်တင်ရေး အထောက်အကူပြုပြခန်းများ၊ လှပသာယာပြည်မြန်မာဓာတ်ပုံပြပွဲများ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ပုဂ္ဂလိက စာအုပ်အရောင်းဆိုင်များနှင့်ချိတ်ဆက်၍ စာအုပ်ဈေးရောင်းပွဲများ၊ ကျောင်းသား ကျောင်းသူများမှ သိပ္ပံပြခန်း၊ ဌာနဆိုင်ရာပြခန်းများ၊ ကျောင်းသား ကျောင်းသူများမှ ရုပ်ပုံဆက်၊ စကားလုံးဆက်၊ ခါးလှည့်ပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်၊ အပြေးပြိုင်ပွဲ၊ ဘောလုံးမှုတ်ပြိုင်ပွဲ၊ ဆန်ကောရွက်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နေမှု၊ ဖျော်ဖြေရေးတီးဝိုင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေး၍ ဂုဏ်ပြုဆုငွေများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယပိုင်းအခမ်းအနားကို ဦးသာညွှင်းခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပရေးအတွက် ထောက်ပံ့ငွေကျပ်သိန်း ၂၀ ပေးအပ်ခဲ့ရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညွန့်နိုင်က လက်ခံရယူပြီး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွက် စာအုပ်စာစောင်နှင့် အလှူငွေများ ပေးအပ်လှူဒါန်းရာ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က လက်ခံရယူခဲ့ပြီး ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်ကဂုဏ်ပြုဖြေဖျော်ခဲ့ကြသည့်ကျောင်းသား ကျောင်းသူများအတွက် ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်ရာ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# တောင်ငူခရိုင်အတွင်း စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုပေးအပ်

**တောင်ငူ နိုဝင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ခပေါင်းခန်းမ၌ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် တောင်ငူခရိုင်အတွင်း လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် ပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိအောင် စိုက်ပျိုးထုတ်လုပ်ခဲ့သည့် ထူးချွန်တောင်သူများ၊ သီးထပ်စွမ်းအားနှင့် သီးနှံစိုက်စွမ်းအား တိုးတက် ဆောင်ရွက်နိုင်ခဲ့သည့် မြို့နယ်များအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ခပေါင်းခန်းမ၌ ကျင်းပသည်။



ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးညီညီလွင်စိုးက ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ခေတ္တဥက္ကဋ္ဌ ဦးညီညီလွင်စိုးနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက သီးထပ်စွမ်းအား၊ သီးနှံစိုက်စွမ်းအား တိုးတက်ဆောင်ရွက်နိုင်ခဲ့သည့် မြို့နယ်များနှင့် ထူးချွန်တောင်သူများအား ဂုဏ်ပြုမှတ်တမ်းနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ၂၀၂၃ - ၂၀၂၄ ခုနှစ် သီးနှံအထွက်နှုန်း အမြင့်မားဆုံးရရှိအောင် စိုက်ပျိုးထုတ်လုပ်ခဲ့သည့် ထူးချွန်တောင်သူများ၏ ကိုယ်စား တောင်သူတစ်ဦးက အထွက်နှုန်းအမြင့်ဆုံးရရှိအောင် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများ ရှင်းလင်းပြောကြားပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ အခမ်းအနားတွင် ထူးချွန် တောင်သူများအား သွင်းအားစု ဓာတ်မြေဩဇာ တစ်ဦးလျှင် နှစ်အိတ်နှုန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို (တောင်ငူ)**



# ဒေးဒရဲမြို့နယ် ကျောင်းအခြေပြု ဆုံဆို့-မေးခိုင် ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများဆောင်ရွက်

**ဒေးဒရဲ နိုဝင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်၌ ၂၀၂၄ ခုနှစ် ကျောင်းအခြေပြု ဆုံဆို့ - မေးခိုင်ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို ယနေ့ နံနက် ၉ နာရီခွဲက မြို့နယ်အတွင်းရှိ သက်ဆိုင်ရာစုရပ်ကျောင်းများတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများက ထိုးနှံပေးလျက်ရှိသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများနှင့် ပညာရေးဌာနမှ ဆရာ ဆရာမများပူးပေါင်းကာ ကျောင်းသား ကျောင်းသူများအား အပူချိန်တိုင်းတာပေးခြင်း၊ လက်သန့်ဆေးဖြင့် လက်ကို စနစ်တကျဆေးစေခြင်း၊ အသက်(၅)နှစ်ပြည့်ပြီး အသက်(၇)နှစ် မကျော်သော ကျောင်းသား ကျောင်းသူများအား ဆုံဆို့-မေးခိုင်ကာကွယ်ဆေး(DT) နှင့် အသက်ကိုးနှစ်ပြည့်ပြီး အသက် (၁၀) နှစ်မကျော်သော ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး (HPV) ကျောင်းအခြေပြု ထိုးနှံခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သိဒ္ဓိအောင်**

# ကျိုင်းတုံမြို့နယ်၌ ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးသွားသော လယ်မြေများအတွက် မျိုးစေ့ထောက်ပံ့ပေးအပ်

**ကျိုင်းတုံ နိုဝင်ဘာ ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုကြောင့်ထိခိုက်ပျက်စီးသွားသော လယ်မြေများအတွက် မျိုးစေ့ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၈ ရက်က စိုက်ပျိုးရေးဦးစီးဌာန ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒုတိယပြည်နယ်ဦးစီးမှူးရုံး၌ ကျင်းပသည်။



ဦးစွာ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်မှ မြေသုံးချရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးဝင်းဦးက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးလှဝင်းက မျိုးစေ့များ ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၂၄-၂၀၂၅ ခုနှစ် ကျိုင်းတုံမြို့နယ်အတွင်း မိုးစပါး ပျက်စီးဆုံးရှုံးခဲ့သည့် ဧက ၂၂၂ ဧကတွင် စိုက်ပျိုးကြသည့် တောင်သူ ၂၇၆ ဦးအား မျိုးစပါးနှင့် ပဲပုပ်မျိုးစေ့များကို ကျိုင်းတုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုးဝေနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ရာ တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြ သူများကို ကျိုင်းတုံခရိုင်/ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် စိုက်ပျိုးရေးဆိုင်ရာများ ခင်းကျင်းပြသကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ပုဇွန်တောင်ဈေးနှင့် ရေကျော်ဈေးတို့၌ မီးဘေးလုံခြုံရေးအတွက် အသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသ

**ရန်ကုန် နိုဝင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် ပုဇွန်တောင်မြို့နယ်၌ မီးငြိမ်းသတ်နည်းသရုပ်ပြလေ့ကျင့်မှုများကို နိုဝင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီက ပုဇွန်တောင်မြို့နယ် အမှတ်(၆) ရပ်ကွက် ပုဇွန်တောင်ဈေး၌လည်းကောင်း၊ နိုဝင်ဘာ ၂၈ ရက် နံနက် ၁၁ နာရီက အမှတ်(၉) ရပ်ကွက်ရှိ ရေကျော်ဈေး၌လည်းကောင်း ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မိုးအောင်နှင့်အဖွဲ့က ဈေးများအတွင်း မီးဘေးလုံခြုံရေး၊ မီးသုံးစွဲမှု၊ ကုန်ပစ္စည်းသိုလှောင်ထားရှိမှု၊ မီးသတ်ယာဉ်ဝင်/ထွက်နိုင်မှု၊ ရေရရှိရေးနှင့် ရှေးဦးမီးငြိမ်းသတ်ရေး အသင့်ဆောင်ရွက်ထားရှိမှုတို့အပေါ် မီးသတ်ဆေးဘူး ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးငြိမ်းချမ်းနှင့်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နည်းများကိုလက်တွေ့ပြသပေးသည်။

ထို့နောက် ဈေးသူ/ဈေးသားများက မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်မှုတွင် ပူးပေါင်းပါဝင်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

**ဟန်စုယဉ်**



# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၈**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ရှိ မင်္ဂလာသုခကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၅ ပါးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ဓနုဖြူမြို့နယ်၌ သားအိမ်ခေါင်းကင်ဆာရောဂါနှင့် ဆုံဆို့-မေးခိုင်ကာကွယ်ဆေးထိုးနှံ

**ဓနုဖြူ နိုဝင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ၂၀၂၄ ခုနှစ် ကျောင်းအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးနှင့် ဆုံဆို့-မေးခိုင်ကာကွယ်ဆေးထိုးနှံပေးခြင်းကို နိုဝင်ဘာ ၂၇ ရက်က ဆောင်ရွက်သည်။

ကာကွယ်ဆေး ထိုးနှံပေးမှုကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများ၊ ဆရာဆရာမများပူးပေါင်း၍ အသက် ငါးနှစ်ပြည့်ပြီး အသက်ခုနစ်နှစ် မကျော်သော ကျောင်းသားကျောင်းသူများအား ဆုံဆို့-မေးခိုင် ကာကွယ်ဆေး(DT)နှင့် အသက် ကိုးနှစ်ပြည့်ပြီး အသက် ၁၀ နှစ် မကျော်သော ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာ ရောဂါ ကာကွယ်ဆေး (HPV) ကျောင်းအခြေပြု ထိုးနှံခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးခဲ့သည်။



ဓနုဖြူမြို့နယ်၌ ကျောင်းအခြေပြု(DT) ဆုံဆို့-မေးခိုင် ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေး (HPV) ထိုးနှံရန် တစ်မြို့နယ်လုံးရှိ ကျောင်းများအား နိုဝင်ဘာ ၂၇ ရက်မှစတင်ပြီး သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေး (HPV) ၁၃၈၁ ဦး၊ ဆုံဆို့-မေးခိုင်ကာကွယ်ဆေး(DT) ၃၇၁၀ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော် (ပြန်/ဆက်)**

## သီတဂူစက္ခုဒါနဆေးရုံ (ရန်ကုန်)၏ (၈) ကြိမ်မြောက် အခမဲ့မျက်စိအလင်းအလှူတွင် မျက်စိဝေဒနာရှင် ၅၀၀ ကျော်ကို ခွဲစိတ်ကုသကာ လူနာ ၄၀ ကျော်ကို လေဆာဖြင့် ကုသပေးခဲ့

**ရန်ကုန် နိုဝင်ဘာ ၂၈**

သီတဂူစက္ခုဒါနဆေးရုံ (ရန်ကုန်)၏ (၈)ကြိမ်မြောက် အခမဲ့မျက်စိအလင်းအလှူ မျက်စိဝေဒနာရှင် ၂၂၀၀ ကျော်အား စမ်းသပ်စစ်ဆေးပေးခဲ့ပြီး လူနာ ၅၀၀ ကျော်ကို ခွဲစိတ်ကုသခြင်းနှင့် လူနာ ၄၀ ကျော်ကို လေဆာဖြင့် ကုသမှုပေးနိုင်ခဲ့ကြောင်း သီတဂူစက္ခုဒါနဆေးရုံ(ရန်ကုန်)၏ ထုတ်ပြန်ချက်အရ သိရသည်။

သီတဂူဆရာတော်ကြီး၏ စီစဉ်မှုဖြင့် မျက်စိအထူးကုဆရာဝန်ကြီးများ၊ သူနာပြုများက သီတဂူစက္ခုဒါနဆေးရုံ (ရန်ကုန်)၏ (၈)ကြိမ်မြောက် အခမဲ့မျက်စိအလင်းအလှူအဖြစ် နိုဝင်ဘာ ၂၂ ရက်မှ ၂၈ ရက်အထိ မျက်စိဝေဒနာရှင် ၂၂၅၈ ဦးအား စမ်းသပ်စစ်ဆေးပေးခဲ့ပြီး ၅၂၀ ကို ခွဲစိတ်ကုသအလင်းရောင်ပေးလှူခဲ့ကာ ၄၇ ဦးကိုလည်း လေဆာဖြင့် ကုသမှုဆောင်ရွက်ပေးခဲ့သည်။ မျက်စိခွဲစိတ်ကုသမှုခံယူပြီးသူများကို ဒီဇင်ဘာ ၁ ရက် နံနက် ၆ နာရီခွဲမှစ၍ မျက်စိပါရဂူဆရာဝန်ကြီးများက ပြန်လည်ကြည့်ရှုစစ်ဆေးပေးမည်ဖြစ်သည်။

ယခုအကြိမ်အပါအဝင် စုစုပေါင်း ရှစ်ကြိမ်ပေါင်းတွင် ၁၀၈၅၉ ဦးကို စမ်းသပ်ပေးခြင်း၊ ၃၁၅၇ ဦးကို ခွဲစိတ်ကုသခြင်းနှင့် ၂၁၅ ဦးကို လေဆာဖြင့် ကုသမှုပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **MT**

## လယ်ဒိုမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီး၊ ဒရုန်းများဖြင့် တိုက်ခိုက်ခြင်းကြောင့် ပြည်သူခြောက်ဦး ထိခိုက်ဒဏ်ရာရပြီး ပြည်သူတစ်ဦးကို ဖမ်းဆီးသွားကြောင်း သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး လယ်ဒိုမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့




ဝင်များက လက်နက်ကြီး၊ ဒရုန်းများဖြင့် တိုက်ခိုက်ခြင်းကြောင့် ပြည်သူခြောက်ဦး ထိခိုက်ဒဏ်ရာရပြီး ပြည်သူတစ်ဦးကို ဖမ်းဆီးသွားကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ ဒေသခံပြည်သူတစ်ဦးနှင့် လုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အဆိုပါသတင်းမှာ သတင်းမှားသာဖြစ်ပြီး မှန်ကန်မှုမရှိကြောင်း၊ အဆိုပါမြို့နယ်အနီးရှိ ကျေးရွာများ တစ်ဝိုက်၌ အကြမ်းဖက်သမားများ တရားမဝင် ဝင်ရောက်ခိုအောင်းနေထိုင်လျက်ရှိကြောင်း တာဝန်သိပြည်သူများက လုံခြုံရေးတပ်ဖွဲ့ဝင်များထံ ဆက်သွယ်အကြောင်းကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများ လာရောက်လုပ်ဆောင်စဉ် အကြမ်းဖက်သမားများက လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လက်နက်ကြီး ကျည်များသည် ကျေးရွာအတွင်း ကျရောက်ပေါက်ကွဲခဲ့သဖြင့် ပြည်သူအချို့ ထိခိုက်၊ သေဆုံးဒဏ်ရာရရှိခဲ့ကြောင်းနှင့် တရားမဝင်ပြည်ဖျက်မီဒီယာများက ယခုကဲ့သို့ အကြမ်းဖက်သမားများ၏ လူမဆန်သည့် လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် နယ်မြေ တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ သတင်းအမှားများ ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၂၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “Ko Oo” Telegram အကောင့်နှင့် “Ko Oo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်မှန်ရပ်ကွက်နေ ကျော်မင်းဦး(ခ)ကိုဦးအား မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ “JOHN” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁၆)ရပ်ကွက်နေ ထူးမြတ်အောင်အား ညနေ ၄ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အားကောင်းသောမုန်တိုင်းငယ် မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်သတ်မှတ်

**ရန်ကုန် နိုဝင်ဘာ ၂၈**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသောမုန်တိုင်းငယ်သည် မြောက် – အရှေ့မြောက်ဘက်သို့ ဖြည်းညင်းစွာ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက် – အနောက်တောင်ဘက် ရေမိုင် ၇၁၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ တောင်–အရှေ့တောင်ဘက် ရေမိုင် ၂၅၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ ဗဟိုချက်လေဖိအား ၉၉၉ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ နှုန်းခန့်ဖြစ်သည်။

အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ဦးတည်ရွေ့လျားမည့်အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် နောက် ၁၂ နာရီအတွင်း မြောက်ယွန်းယွန်းသို့ ရွေ့လျားနိုင်ပြီး သီရိလင်္ကာနိုင်ငံကမ်းခြေအနီးမှ ဖြတ်ကျော်ကာ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။ ထိုမှတစ်ဆင့် မြောက်–အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နိုဝင်ဘာ ၃၀ ရက်တွင် အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်း– ပူဒူချယ်ရီကမ်းခြေတို့ကို အားကောင်းသောမုန်တိုင်းငယ်အဆင့်ဖြင့် ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ညမှ နိုဝင်ဘာ ၃၀ ရက်အတွင်း နေပြည်တော် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်ပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

**မိုး/ဇလ**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ






ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု

**နေပြည်တော် နိုဝင်ဘာ ၂၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၂၆ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရဲသာယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ကိုးမျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၃၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor Truck တစ်စီး၊ Nissan Diesel Truck တစ်စီးနှင့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ထီလုံ – ဘားအံလမ်း၊ လှိုင်းဘွဲ့လမ်းဆုံအနီး၌ မော်တော်ယာဉ်ငါးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ယာဉ်အပိုပစ္စည်း ၁၀ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ခုနစ်မျိုး၊ လူသုံးကုန်ပစ္စည်း သုံးမျိုး၊ စားသောက်ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၇၁၉၅၇၅၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck သုံးစီး၊ Mitsubishi Fuso Truck တစ်စီး၊ နှင့် Hino Ranger Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၂၅၃၅၇၅၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဟင်္သာတခရိုင်၊ မအူပင်ခရိုင်နှင့် မြောင်းမြခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် ခြောက်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ပုသိမ်ခရိုင် ငပုတောမြို့နယ် တမန်ချောင်းကျေးရွာ၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၆၆၀၀) ကို ယစ်မျိုးဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၈၅၆၆၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တနင်္သာရီမြို့နယ် ချောင်းငယ်ရပ်ကွက်၌ လိုင်စင်မဲ့ Toyota Mark-X မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၀၀၀၀၀) နှင့် တနင်္သာရီတံတားစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Wish မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ထားဝယ်မြို့ ဝဲကျွန်းထိန်သစ်ရပ်ကွက်အမှတ်(၆၃၂)၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၈၆၀၀၀) ကို ယစ်မျိုးဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၇၈၆၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုဝင်ဘာ ၂၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးနှင့် ဘားအံမြို့မှ ပုသိမ်မြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုးနှင့် လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၂၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် King Long Bus တစ်စီးနှင့် Asia Stra Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရွှာသာကြီး Dry Port ၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးနှင့် ဘားအံမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ယာဉ်အပိုပစ္စည်း တစ်မျိုးနှင့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၂၅၀၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီးနှင့် Cheng Long Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀၀)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာလေးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၄၀၃၆၅၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၉၁၇၃၆၅၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ တောင်ကြီးမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၆၇၄၅၉၂)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၀၀၀၀၀၀) ကိုလည်းကောင်း၊ မြစ်ငယ်စစ်ဆေးရေးစခန်း၌ တောင်ငူမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး၊ ယာဉ်အပိုပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၁၂၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ မြစ်ကြီးနားမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၂၉၈၈၉၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ကျောက်ဆည်မြို့ မြို့ရောင်လမ်းအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၆၆၆၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၁၈၅၁၉၉၂ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်လေးပင်ခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၀၃၄ တန်နှင့် အခြားသစ် ၀ ဒသမ ၄၂၀ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၇၅၆၈ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၇၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၅၄၁၇၁၅၆၀)ကို ဖမ်းဆီးရမိခဲ့ပါသည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက် ပိုမို၍တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ဆော်ဒီအာရေဗျနိုင်ငံ Dammam မြို့တွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

**ရန်ကုန် နိုဝင်ဘာ ၂၈**

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက် တန်ဖိုးထားသည့်အနေဖြင့် မည်သို့သော အခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာသံရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် သက်ဆိုင်ရာ သံရုံးများ ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံး အေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဆော်ဒီအာရေဗျနိုင်ငံ Dammam မြို့တွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မပြည့်သဥ္ဇာချိုအား အမိနိုင်ငံသို့ အမြန်ဆုံး ပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာသံရုံးအနေဖြင့် ကူညီဆောင်ရွက်ပေးခဲ့ပြီး နိုဝင်ဘာ ၂၆ ရက်က ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့မှ ထွက်ခွာခဲ့ပြီး ယမန်နေ့ ည ၉ နာရီ ၃၅ မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်ပ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့မှ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိသည့်အတွက် နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် မြန်မာ ကောင်စစ်ဝန်ချုပ်ရုံးတို့ကို အလုပ်သမားနှင့် မိဘဆွေမျိုးများက လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**ညီမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ – ကနူး**

## ရှမ်းပြည်နယ်(တောင်ပိုင်း / အရှေ့ပိုင်း)သမဝါယမအသင်းအရပ်ရပ်ဆိုင်ရာစည်းဝေး

**တောင်ကြီး နိုဝင်ဘာ ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း/အရှေ့ပိုင်း) သမဝါယမအသင်းလီမိတက်၏၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း/အရှေ့ပိုင်း) သမဝါယမအသင်းစုချုပ်ခန်းမ၌ ကျင်းပရာ သဘာပတိအဖြစ် ဥက္ကဋ္ဌ ဒေါ်သန်းညိုက ဆောင်ရွက်သည်။ အစည်းအဝေးတွင် ဥက္ကဋ္ဌက ၂၀၂၃ – ၂၀၂၄ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်က သမဝါယမအသင်းများနှင့်ပတ်သက်သည့် အသင်းစည်းကမ်း၊ ဥပဒေ၊ လုပ်ထုံး/ လုပ်နည်း၊ ညွှန်ကြားချက်များ မှာကြားသည်။



ဆက်လက်ပြီး ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာ၊ ဘဏ္ဍာရေးနှစ်ချုပ်စာရင်းများ၊ အမြတ်ခွဲဝေစာရင်းများနှင့် အသင်းသားစာရင်းစစ် အစီရင်ခံစာတို့အား ဖတ်ကြားရှင်းလင်းခြင်း၊ ဦးစီးကော်မတီဝင်များ၏ အကြံပြုချက်များကို ပြန်လည်ဆွေးနွေးခြင်း၊ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်းနှင့် အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုင်းသန်းကျော် (တောင်ကြီး)**

# တောင်ကြီးတက္ကသိုလ်

## အကြိမ်(၃၀)မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၁။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်(နေ့သင်တန်း)နှင့် ၂၀၂၃ ပညာသင်နှစ်(အဝေးသင် သင်တန်း)တို့၏ တောင်ကြီးတက္ကသိုလ်မှ ဘွဲ့ရရှိကြပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားသူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို တောင်ကြီးတက္ကသိုလ်၌ ကျင်းပမည်ဖြစ်ရာဖော်ပြပါ အစီအစဉ်အတိုင်း တက်ရောက်ရန် ကြေညာလိုက်သည်။

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်ကြမည့် ကျောင်းသား၊ကျောင်းသူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့အပ်နှင်းသည့်ရက်များတွင် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်း အစဉ်အလာနှင့်အညီ ဝတ်စားဆင်ယင်မှုမရှိသူများကို အစမ်းလေ့ကျင့်ပွဲ အပါအဝင် ဘွဲ့နှင်းသဘင်အခမ်းအနားများသို့ တက်ရောက်ခွင့်ပြုမည် မဟုတ်ပါ။

**(အဝေးသင် သင်တန်း) ဘွဲ့နှင်းသဘင် အပိုင်း(၁)**

(၁) (၇-၁၂-၂၀၂၄) ရက် နံနက်ပိုင်း၊ နံနက်(၉ : ၀၀)နာရီ

| | | | |
|---|---|---|---|
| ဝိဇ္ဇာဘွဲ့ | မြန်မာစာ | ၄-မ-၁(တကတ) မှ | ၄-မ-၈၅(တကတ) ထိ |
| | အင်္ဂလိပ်စာ | ၄-အ-၁(တကတ) မှ | ၄-အ-၇၄(တကတ) ထိ |
| | ပထဝီဝင် | ၄-ပ-၁(တကတ)မှ | ၄-ပ-၆၈ (တကတ) ထိ |
| | ဒဿနိကဗေဒ | ၄-ဒ-၁(တကတ)မှ | ၄-ဒ-၂၈ (တကတ) ထိ |
| သိပ္ပံဘွဲ့ | ဓာတုဗေဒ | ၄-ဓ-၁(တကတ)မှ | ၄-ဓ-၄၉ (တကတ) ထိ |

**(အဝေးသင် သင်တန်း) ဘွဲ့နှင်းသဘင် အပိုင်း(၂)**

(၂) (၇-၁၂-၂၀၂၄) ရက် မွန်းလွဲပိုင်း၊ မွန်းလွဲ(၂ : ၀၀)နာရီ

| | | | |
|---|---|---|---|
| ဝိဇ္ဇာဘွဲ့ | မြန်မာစာ | ၄-မ-၈၆(တကတ)မှ | ၄-မ-၁၇၀(တကတ) ထိ |
| | အင်္ဂလိပ်စာ | ၄-အ-၇၅(တကတ)မှ | ၄-အ-၁၄၁(တကတ) ထိ |
| | ပထဝီဝင် | ၄-ပ-၆၉(တကတ)မှ | ၄-ပ-၁၃၈(တကတ) ထိ |
| | ဒဿနိကဗေဒ | ၄-ဒ-၂၉(တကတ)မှ | ၄-ဒ-၅၀(တကတ) ထိ |
| | | ၄-ဒ-၁(၀၂၂)မှ ၄-ဒ-၇ (၀၂၂) ထိ | |
| သိပ္ပံဘွဲ့ | ဓာတုဗေဒ | ၄-ဓ-၅၀(တကတ)မှ ၄-ဓ-၉၄(တကတ) ထိ | |
| | ဓာတုဗေဒ | ၄-ဓ-၁(၀၂၂)မှ ၄-ဓ-၁၂ (၀၂၂) ထိ | |

**အစမ်းလေ့ကျင့်ရက် - ဘွဲ့နှင်းသဘင် ပထမနေ့ ( အပိုင်း(၁)၊ အပိုင်း(၂) ) အတွက် (၆.၁၂.၂၀၂၄) ရက်နေ့ နံနက် (၈ : ၃၀)နာရီ**

**(အဝေးသင်သင်တန်း) ဘွဲ့နှင်းသဘင် အပိုင်း(၃)**

(၃) (၈-၁၂-၂၀၂၄) ရက် နံနက်ပိုင်း၊ နံနက်(၉ : ၀၀)နာရီ

| | | | |
|---|---|---|---|
| ဝိဇ္ဇာဘွဲ့ | မြန်မာစာ | ၄-မ-၁၇၁(တကတ)မှ | ၄-မ-၂၅၃(တကတ) ထိ |
| | အင်္ဂလိပ်စာ | ၄-အ-၁၄၂(တကတ)မှ | ၄-အ-၂၀၈(တကတ) ထိ |
| | ပထဝီဝင် | ၄-ပ-၁၃၉(တကတ)မှ | ၄-ပ-၂၀၆(တကတ) ထိ |
| | စိတ်ပညာ | ၄-စ-၁(တကတ)မှ | ၄-စ-၃၁(တကတ) ထိ၊ |
| | | ၄-စ-၁(၀၂၂) | |
| သိပ္ပံဘွဲ့ | သင်္ချာ | ၄-သခ-၁(တကတ)မှ ၄-သခ-၄၄(တကတ) ထိ | |

**(အဝေးသင် သင်တန်း) ဘွဲ့နှင်းသဘင် အပိုင်း(၄)**

(၄) (၈-၁၂-၂၀၂၄) ရက် မွန်းလွဲပိုင်း၊ မွန်းလွဲ(၂ : ၀၀)နာရီ

| | | | |
|---|---|---|---|
| ဝိဇ္ဇာဘွဲ့ | မြန်မာစာ | ၄-မ-၂၅၄(တကတ)မှ | ၄-မ-၃၃၇(တကတ) ထိ |
| | အင်္ဂလိပ်စာ | ၄-အ-၂၀၉(တကတ)မှ | ၄-အ-၂၇၆(တကတ) ထိ |
| | ပထဝီဝင် | ၄-ပ-၂၀၇(တကတ)မှ | ၄-ပ-၂၇၇(တကတ) ထိ |
| | စီးပွားစီမံပညာ | ၄-စစ-၁(တကတ)မှ | ၄-စစ-၃၅ (တကတ) ထိ |
| သိပ္ပံဘွဲ့ | သင်္ချာ | ၄-သခ-၄၅(တကတ)မှ | ၄-သခ-၉၂(တကတ) ထိ |

**အစမ်းလေ့ကျင့်ရက် - ဘွဲ့နှင်းသဘင် ဒုတိယနေ့ ( အပိုင်း(၃)၊ အပိုင်း(၄) ) အတွက် (၆.၁၂.၂၀၂၄) ရက်နေ့ မွန်းလွဲ (၁ : ၃၀)နာရီ**

**(အဝေးသင် သင်တန်း) ဘွဲ့နှင်းသဘင် အပိုင်း(၅)**

(၅) (၁၄-၁၂-၂၀၂၄) ရက် နံနက်ပိုင်း၊ နံနက်(၉ : ၀၀)နာရီ

| | | | |
|---|---|---|---|
| ဝိဇ္ဇာဘွဲ့ | မြန်မာစာ | ၄-မ-၃၃၈(တကတ)မှ | ၄-မ-၄၂၁(တကတ) ထိ |
| | အင်္ဂလိပ်စာ | ၄-အ-၂၇၇(တကတ)မှ | ၄-အ-၃၄၅(တကတ) ထိ |
| | ပထဝီဝင် | ၄-ပ-၂၇၈(တကတ)မှ | ၄-ပ-၃၅၂(တကတ) ထိ |
| | အရှေ့တိုင်းပညာ | ၄-အရ-၁(တကတ)မှ | ၄-အရ-၃၄(တကတ) ထိ |
| သိပ္ပံဘွဲ့ | သင်္ချာ | ၄-သခ-၉၃(တကတ)မှ | ၄-သခ-၁၂၁(တကတ) ထိ |
| | | ၄-သခ-၁(၀၂၂)မှ ၄-သခ-၂၄(၀၂၂) ထိ | |

**(အဝေးသင် သင်တန်း) ဘွဲ့နှင်းသဘင် အပိုင်း(၆)**

(၆) (၁၄-၁၂-၂၀၂၄) ရက် မွန်းလွဲပိုင်း၊ မွန်းလွဲ(၂ : ၀၀)နာရီ

| | | | |
|---|---|---|---|
| ဝိဇ္ဇာဘွဲ့ | မြန်မာစာ | ၄-မ-၄၂၂(တကတ) မှ | ၄-မ-၅၀၄(တကတ) ထိ |
| | အင်္ဂလိပ်စာ | ၄-အ-၃၄၆(တကတ) မှ | ၄-အ-၃၉၅(တကတ) ထိ၊ |
| | | ၄-အ-၁(၀၂၂)မှ ၄-အ-၃၀(၀၂၂) ထိ | |
| | ပထဝီဝင် | ၄-ပ-၃၅၃(တကတ)မှ | ၄-ပ-၄၂၅(တကတ) ထိ |
| | အရှေ့တိုင်းပညာ | ၄-အရ-၃၅(တကတ)မှ | ၄-အရ-၆၅(တကတ) ထိ |
| | | ၄-အရ-၁(၀၂၂)မှ ၄-အရ-၄(၀၂၂) ထိ | |
| သိပ္ပံဘွဲ့ | သတ္တဗေဒ | ၄-သတ-၁(တကတ)မှ | ၄-သတ-၄၀(တကတ) ထိ |

**အစမ်းလေ့ကျင့်ရက် - ဘွဲ့နှင်းသဘင် တတိယနေ့( အပိုင်း(၅)၊အပိုင်း(၆) )အတွက် (၁၃.၁၂.၂၀၂၄) ရက်နေ့ နံနက် (၈ : ၃၀)နာရီ**

**(အဝေးသင် သင်တန်း) ဘွဲ့နှင်းသဘင် အပိုင်း(၇)**

(၇) (၁၅-၁၂-၂၀၂၄) ရက် နံနက်ပိုင်း၊ နံနက်(၉ : ၀၀)နာရီ

| | | | |
|---|---|---|---|
| ဝိဇ္ဇာဘွဲ့ | မြန်မာစာ | ၄-မ-၅၀၅(တကတ) မှ | ၄-မ-၅၉၆(တကတ) ထိ |
| | ပထဝီဝင် | ၄-ပ-၄၂၆(တကတ)မှ | ၄-ပ-၅၀၅(တကတ) ထိ |
| | သမိုင်း | ၄-သ-၁(တကတ)မှ | ၄-သ-၄၇(တကတ) ထိ |
| | ဥပဒေပညာ | ၅-ဥ-၁(တကတ)မှ ၅-ဥ-၃၅(တကတ)ထိ | |
| သိပ္ပံဘွဲ့ | သတ္တဗေဒ | ၄-သတ-၄၁(တကတ)မှ | ၄-သတ-၇၇(တကတ) ထိ |

**(အဝေးသင် သင်တန်း) ဘွဲ့နှင်းသဘင် အပိုင်း(၈)**

(၈) (၁၅-၁၂-၂၀၂၄) ရက် မွန်းလွဲပိုင်း၊ မွန်းလွဲ(၂ : ၀၀)နာရီ

| | | | |
|---|---|---|---|
| ဝိဇ္ဇာဘွဲ့ | မြန်မာစာ | ၄-မ-၅၉၇(တကတ) မှ | ၄-မ-၆၈၈(တကတ) ထိ |
| | ပထဝီဝင် | ၄-ပ-၅၀၆(တကတ)မှ | ၄-ပ-၅၈၇(တကတ) ထိ |
| | သမိုင်း | ၄-သ-၄၈(တကတ)မှ | ၄-သ-၉၉ (တကတ) ထိ |
| | ဥပဒေပညာ | ၅-ဥ-၃၆(တကတ)မှ ၅-ဥ-၇၀(တကတ)ထိ၊ | |
| | | ၅-ဥ-၁(၀၂၂)မှ၅-ဥ-၃(၀၂၂)ထိ | |
| သိပ္ပံဘွဲ့ | သတ္တဗေဒ | ၄-သတ-၇၈(တကတ)မှ | ၄-သတ-၁၀၈(တကတ) ထိ |
| | | ၄-သတ-၁(၀၂၂)မှ ၄-သတ-၁၁(၀၂၂) ထိ | |

**အစမ်းလေ့ကျင့်ရက် - ဘွဲ့နှင်းသဘင် စတုတ္ထနေ့ ( အပိုင်း(၇)၊ အပိုင်း(၈) )အတွက် (၁၃.၁၂.၂၀၂၄) ရက်နေ့ မွန်းလွဲ (၁ : ၃၀)နာရီ**

**(အဝေးသင် သင်တန်း) ဘွဲ့နှင်းသဘင် အပိုင်း(၉)**

(၉) (၂၁-၁၂-၂၀၂၄) ရက် နံနက်ပိုင်း၊ နံနက်(၉ : ၀၀)နာရီ

| | | | |
|---|---|---|---|
| ဝိဇ္ဇာဘွဲ့ | မြန်မာစာ | ၄-မ-၆၈၉(တကတ) မှ | ၄-မ-၇၆၅(တကတ) ထိ |
| | ပထဝီဝင် | ၄-ပ-၅၈၈(တကတ)မှ | ၄-ပ-၆၆၈(တကတ) ထိ |
| | သမိုင်း | ၄-သ-၁၀၀(တကတ)မှ | ၄-သ-၁၄၈(တကတ) ထိ |
| | စီးပွားရေးပညာ | ၄-စီး-၁(တကတ)မှ ၄-စီး-၄၀(တကတ)ထိ | |
| သိပ္ပံဘွဲ့ | ရူပဗေဒ | ၄-ရပ-၁(တကတ)မှ | ၄-ရပ-၆၀(တကတ) ထိ |

**(အဝေးသင် သင်တန်း) ဘွဲ့နှင်းသဘင် အပိုင်း(၁၀)**

(၁၀) (၂၁-၁၂-၂၀၂၄) ရက် မွန်းလွဲပိုင်း၊ မွန်းလွဲ(၂ : ၀၀)နာရီ

| | | | |
|---|---|---|---|
| ဝိဇ္ဇာဘွဲ့ | မြန်မာစာ | ၄-မ-၇၆၆(တကတ) မှ | ၄-မ-၈၄၇(တကတ) ထိ |
| | ပထဝီဝင် | ၄-ပ-၆၆၉(တကတ)မှ | ၄-ပ-၇၄၃(တကတ) ထိ |
| | သမိုင်း | ၄-သ-၁၄၉(တကတ)မှ | ၄-သ-၁၉၇ (တကတ) ထိ |
| | စီးပွားရေးပညာ | ၄-စီး-၄၁(တကတ)မှ ၄-စီး-၇၈(တကတ)ထိ | |
| သိပ္ပံဘွဲ့ | ရူပဗေဒ | ၄-ရပ-၆၁(တကတ)မှ | ၄-ရပ-၁၁၅(တကတ) ထိ၊ |
| | | ၄-ရပ-၁(၀၂၂)မှ ၄-ရပ-၁၃(၀၂၂) ထိ | |

**အစမ်းလေ့ကျင့်ရက် - ဘွဲ့နှင်းသဘင် ပဉ္စမနေ့ ( အပိုင်း(၉)၊ အပိုင်း(၁၀) ) အတွက် (၂၀.၁၂.၂၀၂၄) ရက်နေ့ နံနက် (၈ : ၃၀)နာရီ**

**(အဝေးသင် သင်တန်း) ဘွဲ့နှင်းသဘင် အပိုင်း(၁၁)**

(၁၁) (၂၂-၁၂-၂၀၂၄) ရက် နံနက်ပိုင်း၊ နံနက်(၉ : ၀၀)နာရီ

| | | | |
|---|---|---|---|
| ဝိဇ္ဇာဘွဲ့ | မြန်မာစာ | ၄-မ-၈၄၈(တကတ) မှ | ၄-မ-၉၅၇(တကတ) ထိ |
| | ပထဝီဝင် | ၄-ပ-၇၄၄(တကတ)မှ | ၄-ပ-၈၄၂(တကတ) ထိ |
| | သမိုင်း | ၄-သ-၁၉၈(တကတ)မှ | ၄-သ-၂၅၁(တကတ) ထိ |
| | စီးပွားရေးပညာ | ၄-စီး-၇၉(တကတ)မှ | ၄-စီး-၁၁၇(တကတ)ထိ၊ |
| | | ၄-စီး-၁(၀၂၂)မှ၄-စီး-၅(၀၂၂)ထိ | |

**(အဝေးသင် သင်တန်း) ဘွဲ့နှင်းသဘင် အပိုင်း(၁၂)**

(၁၂) (၂၂-၁၂-၂၀၂၄) ရက် မွန်းလွဲပိုင်း၊ မွန်းလွဲ(၂ : ၀၀)နာရီ

| | | | |
|---|---|---|---|
| ဝိဇ္ဇာဘွဲ့ | မြန်မာစာ | ၄-မ-၉၅၈(တကတ) မှ | ၄-မ-၁၀၃၃(တကတ) ထိ၊ |
| | | ၄-မ-၁(၀၂၂) မှ ၄-မ-၇၇(၀၂၂) ထိ | |
| | ပထဝီဝင် | ၄-ပ-၈၄၃(တကတ)မှ | ၄-ပ-၈၄၅(တကတ) ထိ၊ |
| | | ၄-ပ-၁(၀၂၂) မှ ၄-ပ-၉၀(၀၂၂) ထိ | |
| | သမိုင်း | ၄-သ-၂၅၂(တကတ)မှ | ၄-သ-၂၇၄(တကတ)ထိ၊ |
| | | ၄-သ-၁(၀၂၂)မှ ၄-သ-၅၉(၀၂၂)ထိ | |
| သိပ္ပံဘွဲ့ | ရက္ခဗေဒ | ၄-ရခ-၁(တကတ)မှ | ၄-ရခ-၅၀(တကတ) ထိ၊ |
| | | ၄-ရခ-၁(၀၂၂)မှ | ၄-ရခ-၁၁(၀၂၂) ထိ |

**အစမ်းလေ့ကျင့်ရက် - ဘွဲ့နှင်းသဘင် ဆဋ္ဌမနေ့ ( အပိုင်း(၁၁)၊အပိုင်း(၁၂) )အတွက်(၂၀.၁၂.၂၀၂၄) ရက်နေ့ မွန်းလွဲ (၁ : ၃၀)နာရီ**

**(နေ့သင်တန်း) ဘွဲ့နှင်းသဘင် အပိုင်း(၁)**

(၁) (၂၈.၁၂.၂၀၂၄)ရက်နေ့ နံနက်ပိုင်း၊ နံနက် (၀၉ : ၀၀)နာရီ

| | |
|---|---|
| မဟာဝိဇ္ဇာဘွဲ့ | မြန်မာစာ အထူးပြုအားလုံး။ |
| မဟာသိပ္ပံဘွဲ့ | ဓာတုဗေဒ၊ဇီဝဓာတုဗေဒ အထူးပြုအားလုံး။ |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့ | မြန်မာစာ အထူးပြုအားလုံး။ |
| သိပ္ပံဂုဏ်ထူးဘွဲ့ | ဓာတုဗေဒ၊ဇီဝဓာတုဗေဒ၊ဘူမိဗေဒ အထူးပြုအားလုံး။ |
| ဝိဇ္ဇာဘွဲ့ | မြန်မာစာ အထူးပြုအားလုံး။ |
| သိပ္ပံဘွဲ့ | ဓာတုဗေဒ အထူးပြုအားလုံး။ |
| | ဇီဝဓာတုဗေဒ အထူးပြုအားလုံး။ |
| | ဘူမိဗေဒ အထူးပြုအားလုံး။ |

**(နေ့သင်တန်း) ဘွဲ့နှင်းသဘင် အပိုင်း(၂)**

(၂) (၂၈.၁၂.၂၀၂၄)ရက်နေ့ မွန်းလွဲပိုင်း၊ မွန်းလွဲ (၂ : ၀၀)နာရီ

| | |
|---|---|
| မဟာဝိဇ္ဇာဘွဲ့ | အင်္ဂလိပ်စာ၊ ပထဝီဝင် အထူးပြုအားလုံး။ |
| မဟာသိပ္ပံဘွဲ့ | ရူပဗေဒ အထူးပြုအားလုံး။ |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့ | အင်္ဂလိပ်စာ၊ပထဝီဝင် အထူးပြုအားလုံး။ |
| သိပ္ပံဂုဏ်ထူးဘွဲ့ | ရူပဗေဒ အထူးပြုအားလုံး။ |
| ဝိဇ္ဇာဘွဲ့ | အင်္ဂလိပ်စာ အထူးပြုအားလုံး။ |
| | ပထဝီဝင် အထူးပြုအားလုံး။ |
| သိပ္ပံဘွဲ့ | ရူပဗေဒ အထူးပြုအားလုံး။ |

**အစမ်းလေ့ကျင့်ရက် - ဘွဲ့နှင်းသဘင် ပထမနေ့ ( အပိုင်း(၁)၊ အပိုင်း(၂) ) အတွက် (၂၇.၁၂.၂၀၂၄) ရက်နေ့ နံနက် (၈ : ၃၀)နာရီ**

**(နေ့သင်တန်း) ဘွဲ့နှင်းသဘင် အပိုင်း(၃)**

(၃) (၂၉.၁၂.၂၀၂၄)ရက်နေ့ နံနက်ပိုင်း၊ နံနက် (၀၉ : ၀၀)နာရီ

| | |
|---|---|
| မဟာဝိဇ္ဇာဘွဲ့ | သမိုင်း အထူးပြုအားလုံး။ |
| မဟာသိပ္ပံဘွဲ့ | သင်္ချာ၊ သတ္တဗေဒ အထူးပြုအားလုံး။ |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့ | သမိုင်း၊အရှေ့တိုင်းပညာ အထူးပြုအားလုံး။ |
| သိပ္ပံဂုဏ်ထူးဘွဲ့ | သင်္ချာ အထူးပြုအားလုံး။ |
| ဝိဇ္ဇာဘွဲ့ | သမိုင်း၊ အရှေ့တိုင်းပညာ အထူးပြုအားလုံး။ |
| သိပ္ပံဘွဲ့ | သင်္ချာ အထူးပြုအားလုံး။ |
| | သတ္တဗေဒ အထူးပြုအားလုံး။ |

**(နေ့သင်တန်း) ဘွဲ့နှင်းသဘင် အပိုင်း(၄)**

(၄) (၂၉.၁၂.၂၀၂၄)ရက်နေ့ မွန်းလွဲပိုင်း၊ မွန်းလွဲ (၂ : ၀၀)နာရီ

| | |
|---|---|
| မဟာဝိဇ္ဇာဘွဲ့ | စိတ်ပညာ အထူးပြုအားလုံး။ |
| မဟာဥပဒေဘွဲ့ | ဥပဒေပညာ အထူးပြုအားလုံး။ |
| မဟာသိပ္ပံဘွဲ့ | ရုက္ခဗေဒ အထူးပြုအားလုံး။ |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့ | စိတ်ပညာ အထူးပြုအားလုံး။ |
| သိပ္ပံဂုဏ်ထူးဘွဲ့ | သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုအားလုံး။ |
| ဝိဇ္ဇာဘွဲ့ | စိတ်ပညာ၊ ဒဿနိကဗေဒ အထူးပြုအားလုံး။ |
| ဥပဒေဘွဲ့ | ဥပဒေပညာ အထူးပြုအားလုံး။ |
| သိပ္ပံဘွဲ့ | ရုက္ခဗေဒ အထူးပြုအားလုံး။ |
| ဒီပလိုမာဘွဲ့ | စီးပွားရေးဥပဒေ အထူးပြုအားလုံး။ |

**အစမ်းလေ့ကျင့်ရက် - ဘွဲ့နှင်းသဘင် ဒုတိယနေ့ ( အပိုင်း(၃)၊ အပိုင်း(၄) ) (၂၇.၁၂.၂၀၂၄) ရက်နေ့ မွန်းလွဲ (၁ : ၃၀)နာရီ**

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာကို မိမိတို့ဘွဲ့ယူမည့် အပိုင်း၏ အစမ်းလေ့ကျင့်ရက်မတိုင်မီ (၂)ရက်ကြိုတင်၍ တိုးချဲ့အားကစားရုံတွင် ထုတ်ပေးမည် ဖြစ်ပါသည်။

ဘွဲ့ဝတ်စုံများကို တောင်ကြီးတက္ကသိုလ် မိမိတို့ဘွဲ့ယူမည့် အပိုင်း၏ အစမ်းလေ့ကျင့်ရက် မတိုင်မီ(၂)ရက်ကြိုတင်၍ နံနက်(၉:၃၀)နာရီမှ စတင်ထုတ်ပေးမည်ဖြစ်၍ မိမိတို့၏နိုင်ငံသားစိစစ်ရေး ကတ်များ ယူဆောင်လာကြရမည်ဖြစ်သည်။

**(နီနီအောင်)**
**မော်ကွန်းထိန်း**
**သင်တန်းရေးရာ**
**တောင်ကြီးတက္ကသိုလ်**

### ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဈေးမရပ်ကွက်နေ (ဘ) ဦးသန်းလှ၏သမီး မစောပြည့်သန္တာ ၈/ပဖန(နိုင်)၀၇၆၀၀၁၏ နိုင်ငံကူးလက်မှတ်အမှတ် M-562840 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၁၁၄၈၈၃**

### ပြင်ဆင်ဖတ်ရှုပါရန်

၂၅-၁၁-၂၀၂၄ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ ၂၈ပါ ဦးစိုးဝင်း - ဒေါ်မူမူဝင်းတို့၏သား အဖြစ်မှ စွန့်လွှတ်ကြောင်းကြော်ငြာတွင် မောင်အောင်ကာစိုး အစား မောင်အာကာစိုးဟုပြင်ဆင်ဖတ်ရှုပါရန်။

### ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ နိုင်းပြိုင်ကျေးရွာနေ ဦးသန်းစိုး၏သမီး မထက်ထက်ခိုင် ၁၀/မဒန(နိုင်) ၂၃၈၇၆၄၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၆၅၉၂၉၉၉၀**

### ပတ်စ်ပို့ပျောက်ဆုံးကြောင်း ကြေညာခြင်း

မိုင်းကိုင်မြို့၊ ရပ်ကွက်(၄)နေ မဝေနှင်းသီ(ဘ)ဦးစိုင်းရွှေဘ ၁၃/မကန(နိုင်)၀၆၂၈၈၂ ၏ ပတ်စ်ပို့နံပါတ်(ME ၉၃၉၈၂၃)မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၂၆၉၉၆၆၀**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

